# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၉၀)







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ယနေ့ မိုးလေဝသ**

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**သန့်ရှင်းသော စွမ်းအင်မှသည် အစိမ်းရောင်ကမ္ဘာဆီသို့**

ဆောင်းပါး | စာ ၆

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ**

လွှတ်တော်ရေးရာ | စာ ၇

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

## အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✪

## အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ

စာမျက်နှာ ၂ ကော်လံ ၃ ❍

## မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉) အဆန်/ အမှတ်(၅၀) အစုန်ရထားခရီးစဉ် စတင်ပြေးဆွဲ

**မြစ်ကြီးနား ဇူလိုင် ၂၁**

မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉) အဆန် မိုးညှင်း-မြစ်ကြီးနားနှင့် အမှတ်(၅၀) အစုန် မြစ်ကြီးနား-မိုးညှင်း ရထားခရီးစဉ်များကို ယနေ့ စတင်ပြေးဆွဲသည်။

**တိုးချဲ့ပြေးဆွဲ**

အဆိုပါ ရထားခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားဘူတာ

စာမျက်နှာ ၁၀ ကော်လံ ၁ ❖







# မိမိ၏ စီးပွားရေးမူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❒ **နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျ ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နယ်မြေဒေသများ၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်နေဆဲဖြစ်၊ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ရွေးကောက်ခံအစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီဖြစ်သဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို ဒီမိုကရေစီနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်သွားကြရန်လို**

❒ **ကျောင်းနေအရွယ်ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝ တိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူပြုစေမည်**

❂ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်သမ္မတ ရန်ကုန်တိုင်းဒေသကြီးသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ မြို့နယ်များအလိုက် ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ မြေအောက်ကေဘယ်လ် ပိုက်လိုင်းနှင့် Man Hole များ တည်ဆောက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေမြောင်းများ၊ လမ်းများဖောက်လုပ်ရာတွင် ဖြောင့်ဖြူးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး ပညာပေးကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ လမ်း၊ တံတားများ တည်ဆောက်ရာတွင် စနစ်တကျရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြများအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများ ထိခိုက်မှုမရှိစေရေးနှင့် မြို့ကွက်များ စနစ်တကျရှိစေရေး Town Plan ရေးဆွဲဆောင်ရွက်လျက်ရှိမှု၊ အများပြည်သူများ အပန်းဖြေနိုင်ရေး ပန်းခြံများ တိုးချဲ့တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချထားရှိမှု၊ စပါးစိုက်ပျိုးမှုနှင့် ပိုလျှံစပါးများအား ပြည်ပသို့တင်ပို့လျက်ရှိမှု၊ ပြည်ပပို့ကုန်ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု၊ ငါး၊ ပုစွန်၊ အခြားရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု၊ သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံ၊ တာတမံ၊ ရေတံခါး၊ ရေနုတ်မြောင်း၊ လျှပ်စစ်ရေတင်စနစ်တို့မှ သောက်သုံးရေနှင့် နွေစပါးရေပေးဝေနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် မြေအသုံးချမှု၊ သီးနှံစိုက်ဧရိယာစာရင်းနှင့် အဓိကသီးနှံများ စာရင်းဆိုင်ရာအချက်အလက်များ၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားဆိုင်ရာအချက်အလက်များ၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပြည်ပပို့ကုန်အတွက် သီးသန့်ဇုန်သတ်မှတ်စိုက်ပျိုးထားရှိမှု၊ ဆီထွက်သီးနှံနှင့် ကော်ဖီသီးနှံ စိုက်ပျိုးထားရှိမှု၊ ရေလှောင်တမံများ၌ ရေသိုလှောင်ထားနိုင်မှုနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး၊ ရေတော်မိုးတော်စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်များ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရေကြီးရေလျှံလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှု၊ တောင်ငူအထူးဖွံ့ဖြိုးရေးဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် နိုင်ငံတော်တွင် အဓိကစီးပွားရေးအားကောင်းသည့် တိုင်းဒေသကြီးခြောက်ခုတွင် ပါဝင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုဇုန်များ၌ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အသွေးကောင်းမွန်မြင့်မားရေးကို အဓိကထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် စီမံကိန်းစီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ၌ အရည်အသွေးပိုင်းတွင် အားနည်းချက်အချို့ရှိခဲ့ကြောင်း၊ ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းသည် ထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့် ဖြစ်သဖြင့် ပြည်တွင်း၌ ထုတ်ကုန်ပစ္စည်းများကို ဖူလုံမှုရှိအောင် ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ **မိမိ၏ စီးပွားရေးမူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိရန်နှင့် ထုတ်လုပ်မှုများ မှန်မှန်ကန်ကန်ဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြခြင်းဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျဖြေရှင်းရန်လို**

နိုင်ငံ့စီးပွားအားကောင်းစေရေးအတွက် စီမံဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိရေးသည် အဓိကကျသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအခြေခံကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်တင်ပြသွားကြရန်လိုကြောင်း၊ မြေပြင်အချက်အလက်များကို မှန်ကန်စွာကောက်ယူနိုင်ရေးအတွက်လည်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ **နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျ ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နယ်မြေဒေသများ၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်နေဆဲဖြစ်**ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ရွေးကောက်ခံအစိုးရ၏ဦးဆောင်မှုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီဖြစ်သဖြင့် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို ဒီမိုကရေစီနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်သွားကြရန်**လိုကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းနေကြခြင်းသည် ဖြေရှင်းနည်းအစစ်အမှန်မဟုတ်ဘဲ ၎င်းတို့ ကျင်လည်ရာဒေသနှင့် ဒေသခံတို့၏ အကျိုးစီးပွားကိုဖျက်ဆီးနေကြခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် ဒေသနှင့်နိုင်ငံတော်၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးနေကြခြင်းပင် ဖြစ်ကြောင်း။

**ပညာရေးအားနည်းချက်များပြုပြင်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် ပညာရေးအားနည်းချက်များရှိခဲ့သည်ကို အချက်အလက်များအရတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်၏ နောက်ဆက်တွဲအနေဖြင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းများ အားနည်းခဲ့ကြကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားကြသည့် ပြည်ပအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ကာ ဆူပူအကြမ်းဖက်သည့် လမ်းကြောင်းပေါ်သို့ ပညာရေးအားနည်းသူအများစု ရောက်ရှိသွားကြကြောင်း၊ နိုင်ငံအတွင်း၌ စုစည်းညီညွတ်မှုနှင့် စည်းလုံးမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများ၊ အရေးအခင်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါကလည်း ပညာရေးအရအားနည်းချက်များရှိခဲ့ခြင်း၊ နိုင်ငံရေးအရ ထွက်ပေါက်မရှိခြင်းနှင့် စီးပွားရေးကျဆင်းခြင်းတို့ကြောင့်ဖြစ်သည်ကို သုံးသပ်တွေ့မြင်ရမည် ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

◆ **အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင်လည်း ခွင့်ပြုချက်များနှင့်အညီ စနစ်တကျဖြင့် အကျိုးရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လို**

*စာမျက်နှာ ၃ မှ*

ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် အစိုးရများအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးအားနည်းချက်များကို ပြုပြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံတော်၏ ပညာရေးတွင် အားနည်းချက်များ ရှိနေဆဲဖြစ်သည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးအားနည်းမှုတွင် ပညာသင်ကြားရာ၌ အမှန်တကယ် ပညာတတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့မှုများကြောင့်လည်း ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရသည့် ၂၀၂၁ ခုနှစ်မှစတင်၍ အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတို့တွင် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာအတန်းနှင့် ဘာသာရပ်များအလိုက် သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်စေရေး သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် အမှန်တကယ် ပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းပညာရေးကို သင်ကြားပေးရုံသာမက ကျန်းမာကြံ့ခိုင်မှုရှိစေရေး ကာယအချိန်များတွင် အားကစားနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် ပြင်ပဗဟုသုတများရရှိစေရေး၊ အခြားလူမှုဆက်ဆံရေးနှင့် ပြည်သူ့နီတိများကိုလည်း သိရှိနားလည်စေရေး သင်ကြားလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် **ကျောင်းနေအရွယ် ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ အသိပညာအတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့် လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏ အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအရ အားနည်းချက်များကို မြင်အောင်ကြည့်၍ အားလုံးက ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည့် သင်ကြားမှုသင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်မှုရှိစေရေးနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြင့်မားစေရေး**

ပညာရေးနှင့် ဆက်စပ်၍ ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက်လည်း အစိုးရတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **“ဆေးရုံရှိပါက ဆရာဝန်ရှိရမည်၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ”** စသည့် မူဝါဒများချမှတ်၍ ပြည်သူများ၏ ကျန်းမာရေး



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ရှင်းလင်းတင်ပြစဉ်။

စောင့်ရှောက်မှုကဏ္ဍမြင့်မားစေရေး အလေးထားဆောင်ရွက်စေလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ဆေးပေးခန်းများ၊ ဆေးရုံ၊ ဆေးခန်းများ၌ ကျန်းမာရေးဝန်ထမ်းများ အလုံအလောက်ခန့်ထားပေးနိုင်ရေးအတွက်လည်း နိုင်ငံတော်မှ စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျောင်းနေအရွယ်ကလေးငယ်များ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ရရှိအောင် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများက အချိန်အခါအလိုက်၊ အသက်အရွယ်အလိုက် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အာဟာရပြည့်ဝစွာ စားသုံးကြရေး အသိပညာပေးခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖြစ်စေရေး၊ အစားအသောက်နှင့် သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ကလေးငယ်များ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် ခန္ဓာကိုယ်ရရှိစေရေးအတွက်လည်း အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးနိုင်ရန်လိုကြောင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အားနည်းခြင်းကြောင့် အားကစားကဏ္ဍတွင်လည်း အားနည်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရန်လည်း လိုကြောင်း၊ အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီသော စံကိုက်ဖြစ်သည့် ကျောင်းများဖြစ်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းနှင့် အပန်းဖြေခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် အပန်းဖြေနေရာများနှင့် ပန်းခြံများ တည်ဆောက်ပေးသွားရန်လည်းလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုများအား စနစ်တကျဖြင့် အကျိုးရှိရှိဆောင်ရွက်သွားကြရန်လို**

နိုင်ငံအတွင်း၌ မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း၊ **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင်လည်း ခွင့်ပြုချက်များနှင့်အညီ စနစ်တကျဖြင့် အကျိုးရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မြို့ပြများ တည်ဆောက်ရာတွင် ကျစ်ကျစ်လျစ်လျစ်ဖြင့် စနစ်တကျတွက်ချက်၍ အကွက်ချတည်ဆောက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လမ်း၊ မီးနှင့် ရေများကို စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အုပ်ချုပ်မှုကိစ္စရပ်များကိုလည်း လွယ်ကူစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းများ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ရာတွင်လည်း စနစ်တကျတွက်ချက်၍ မြေကိုအကျိုးရှိရှိအသုံးချသွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမရှိပါက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရနိုင်ပြီး နိုင်ငံ့ဘဏ္ဍာငွေများကို ပိုမိုသုံးစွဲကုန်ကျရမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်နစ်နာဆုံးရှုံးမှုမရှိစေရေး ရေရှည်အတွက် စဉ်းစားတွက်ချက်ပြီးမှသာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကျန်ရှိသည့်မြေနေရာများတွင်လည်း စနစ်တကျ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လိုသည့် သမိုင်းဝင်တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများစွာရှိကြကြောင်း၊ မိမိနိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများသည် နိုင်ငံတော်၏ သမိုင်းကြောင်းအစဉ်အလာကြီးမားမှုနှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာမြင့်မားမှုတို့ကို ဖော်ညွှန်းနေခြင်းဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများစွာကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားများဝင်ရောက်ခြင်းဖြင့် ၎င်းတို့၏စားသောက်နေထိုင်သွားလာရေးများကို ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဒေသထွက်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများရောင်းချခြင်း စသည်ဖြင့် ဒေသအတွက် ဝင်ငွေများကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းများတိုးတက်စေရေး မိမိတို့ဒေသအလိုက် သန့်ရှင်းသာယာလှပရေးနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ပြီး စိမ်းလန်းစိုပြည်ကာ သန့်ရှင်းသာယာလှပသည့် ဒေသများဖြစ်စေရေးအတွက်လည်း စိစစ်ကြပ်မတ်ခြင်းများ၊ စီမံခန့်ခွဲပေးခြင်းများဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ဒေသတွင်းစားရေးဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍လည်း မိမိတို့တိုင်းဒေသကြီးအလိုက်နေထိုင်သည့် လူဦးရေအပေါ်တွင်မူတည်၍ ဒေသ၏ စားရေးဖူလုံမှုရှိအောင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူခြင်းလုပ်ငန်းများကို ယခုထက်တိုးချဲ့ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း အသား၊ ငါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများ စားသောက်မှုအဆင်ပြေစေရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး မိမိတို့ဒေသအတွင်း ပြည်သူများ၏ စားသောက်မှုအဆင်ပြေစေရေး ဒေသအလိုက် တာဝန်ရှိသူများက အလေးထားဂရုပြု ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်မှလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ရမည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များပင်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများကို တင်သွင်းရလျက်ရှိပြီး နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း ပြည်တွင်းတစ်ဦးချင်းဆီစားသုံးမှုနှုန်းမှာ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီစားသုံးမှုကို လျှော့ချသွားကြရန်လိုပြီး ဆီကိုလိုအပ်သည်ထက် ပိုမိုစားသုံးမည်ဆိုပါက လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ မိမိတို့၏ ကျန်းမာရေးကို ထိခိုက်စေမည့် ဆီအလွန်အကျွံစားသုံးခြင်းများကို ရှောင်ကြဉ်သွားကြရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အနေဖြင့် စီးပွားရေးအခြေခံကောင်းများနှင့် စိုက်ပျိုးမွေးမြူရေးရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဒေသနှင့်နိုင်ငံ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**“စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးက ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် အရေးပေါ်အခြေအနေကြေညာသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့၏ သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ဃ) အရ ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၄ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၃/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I-12) ရှိ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသက်ပိုက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မားရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့လွှတ်တော်တွင် အစိုးရ၏ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ ၂၂ ခုကို ဖွဲ့စည်းထားကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များအလိုက် နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက် အကျိုးရှိမည့် မေးခွန်း၊ အဆိုများ ထွက်ပေါ်စေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO) ၃၆၆၆ ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ (INGO) ၄၅ ခု ရှိသည်ကို တွေ့ရှိရကြောင်း၊ NGO၊ INGO များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားရေး၊ စားရေရိက္ခာဖြည့်ဆည်း ဆောင်ရွက်ရေးအတွက် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနေသော အဖွဲ့အစည်းများဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် အဆိုပါအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ဥပဒေရှုထောင့်မှ သုံးသပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိရှိဆောင်ရွက်နိုင်ရေး စီမံပေးရမည်ဖြစ်ကြောင်း၊ NGO၊ INGO များနှင့်စပ်လျဉ်း၍ သီးခြားဥပဒေများပြဋ္ဌာန်းထားခြင်းမရှိသဖြင့် NGO/ INGO Management Law၊ Foreign Assistance Transparency Law၊ Volunteer Service Law၊ Data Protection Law၊ Public Benefit Organization Law၊ Humanitarian Coordination Law များပြဋ္ဌာန်း သင့်၊ မသင့် ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း။

အဖွဲ့အစည်းများနှင့်ပတ်သက်သည့် တည်ဆဲဥပဒေများကိုလည်း ပြန်လည်ဆန်းစစ်၍ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိ မရှိ၊ လိုအပ်ချက်များ ရှိ မရှိ၊ ထပ်မံဖြည့်စွက်ရန် လို မလို လေ့လာသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော NGO၊ INGOများ၏ အရေအတွက်များစိစစ်ခြင်း၊ မှတ်ပုံတင်ဆောင်ရွက်ထားမှု၊ အဖွဲ့အစည်းများ၏ရည်ရွယ်ချက်၊ လုပ်ငန်းနယ်ပယ်အလိုက် အမှန်တကယ် လုပ်ဆောင်နိုင်ခြင်းရှိ မရှိနှင့် ရန်ပုံငွေသုံးစွဲမှု၊ ရန်ပုံငွေရရှိမှုအရင်းအမြစ်များ၊ ငွေကြေးစီးဆင်းမှုကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် NGO၊ INGO များအား တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အခက်အခဲများနှင့် လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်သည့် အဖွဲ့အစည်းများဖြစ်ပေါ်လာရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်မည့် လွှတ်တော်သက်တမ်းငါးနှစ်တာကာလအတွင်းတွင် လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ပြီး လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူများကအားထားရသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သန့်ရှင်းသော စွမ်းအင်မှသည် အစိမ်းရောင်ကမ္ဘာဆီသို့

**ဟိုတယ်ခန်းမကျယ်ကြီးအတွင်း စုရုံးရောက်ရှိနေသူများက ဆွေးနွေးပွဲစတင်မည့်အချိန်ကို တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြသည်။ ခန်းမအတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပညာရှင်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုံလင်စွာ စုရုံးတက်ရောက်ကြသည်။**

ရွှေယွန်း

တက်ရောက်လာကြသူများအနေဖြင့် ကဏ္ဍအလိုက် ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲအစ အဖွင့်အမှာစကားဖြင့် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက "ပြည့်ဖြိုးမြဲစွမ်းအင်နေရောင်ခြည်စွမ်းအင်နဲ့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ကြရာမှာ ဝန်ကြီးဌာနအနေဖြင့် အစဉ်အမြဲ အားပေးကူညီသွားမယ်။ လုပ်ငန်းလုပ်ဆောင်ရာမှာ အခက်အခဲဆိုတာရှိနိုင်ပါတယ်။ အခက်အခဲတွေကို ဖြေရှင်းရာမှာ နိုင်ငံတော်က လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းတွေကို ချမှတ်ပြီးသားဖြစ်တဲ့အတွက် တိကျတဲ့ လုပ်ထုံးလုပ်နည်းအောက်ကနေ လုပ်နည်းလုပ်ဟန်အမျိုးမျိုးနဲ့ အောင်မြင်စေရန် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမှာ ဖြစ်ပါတယ်။ လုပ်နည်းလုပ်ဟန်ဆိုသည်မှာ နိုင်ငံတော်နဲ့ပြည်သူအပေါ် စေတနာထားမှု၊ လုပ်ငန်းအပေါ် စိတ် ဝင်စားမှု၊ လုံ့လဝီရိယစိုက်ထုတ်မှု၊ အတတ်ပညာပြည့်စုံမှုတို့ကို အခြေခံပြီး ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်" ဟုလည်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

> **"ဆိုလာပြားများသည် ဆီလီကွန်ဆဲလ်များဖြင့် ဖွဲ့စည်းထားပြီး နေရောင်ခြည်ကို လျှပ်စစ်အဖြစ် ပြောင်းလဲပေးနိုင်သော မြင့်မားသည့် စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားသည်။ သက်တမ်းအားဖြင့် အနှစ် ၂၀ မှ ၂၅ နှစ်အထိ ခိုင်ခံ့သည်။ သို့သော် ဆိုလာပြားများ သက်တမ်းကုန်လွန်သွားသည့်အခါ အလွှာလိုက် ကော်ဖြင့်ကပ်ထားသဖြင့် ခွဲထုတ်ရန် ခက်ခဲပြီး Lead နှင့် Cadmium ကဲ့သို့ အဆိပ်ရှိသော သတ္တုအနည်းငယ်ပါဝင်သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ စွန့်ပစ်ရန်လိုအပ်"**

ဆွေးနွေးပွဲ၏ ဆွေးနွေးမှုများ စတင်သည်နှင့် တက်ရောက်လာကြသူများက ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို အထောက်အကူဖြစ်စေသော စွမ်းအင်သို့မဟုတ် ကုန်သွားခြင်းမရှိသော ပြည့်ဖြိုးမြဲစွမ်းအင်နေရောင်ခြည်စွမ်းအင်ဖြင့် ဖော်ဆောင်နိုင်ရေးအတွက် တက်ကြွစွာ ဘက်စုံထောင့်စုံမှ ပါဝင်ဆွေးနွေးကြသည်။ ခေါင်းစဉ်အလိုက် ဆွေးနွေးခြင်း၊ အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် ဆွေးနွေးပွဲရည်ရွယ်ချက်ဆီ ချဉ်းကပ်ဆွေးနွေးနိုင်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို "သန့်ရှင်းသော စွမ်းအင်မှသည် အစိမ်းရောင်ကမ္ဘာဆီသို့" ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၅ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Horizon Lake View Resort ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် အဓိကရည်ရွယ်သည်။ ထိုသို့ရည်ရွယ်ဆောင်ရွက်ရသည့် အကြောင်းရင်းမှာ စွမ်းအင်လုံခြုံရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် များစွာသက်ဆိုင်နေသည့်အတွက်ဖြစ်သည်။

စွမ်းအင်လုံခြုံရေး အကောင်အထည်ဖော်ရာတွင် စွမ်းအင်အရင်းအမြစ်များစွာရှိသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲကြမည့် အချိန်အခါ၊ ကမ္ဘာ့စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုများကလည်း ရေရှည်စွမ်းအင်လုံခြုံရေးအတွက် စဉ်းစားရမည့်အချိန်အခါဖြစ်နေသည်။ ပြန်လည်ပြည့်ဖြိုးမြဲနေရောင်ခြည် စွမ်းအင်သုံးဆိုလာဓာတ်အားစနစ်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အရင်းအမြစ်များစွာ တည်ရှိပြီးသားဖြစ်သည်။

ထို့ကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ စုဆုံပါဝင်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်" မျက်နှာစာသစ်ဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်ဖော်ဆောင်နိုင်ရန် ခြေလှမ်းစတင်ခြင်းဖြစ်သည်။

ပါဝင်တက်ရောက်ကြသူများက ဆွေးနွေးပွဲအစမှ အဆုံးအထိ ကဏ္ဍအလိုက် မျှဝေဆွေးနွေးမှုများကို စိတ်ပါဝင်စားစွာနားထောင်ပြီး အပြန်အလှန်ဆွေးနွေးမှုများဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာရေးဆီ ချဉ်းကပ်ဆွေးနွေးကြသည်။ အားသာချက်များကို ဆွေးနွေးခဲ့ကြသလို အားနည်းချက်များကို ဖြေရှင်းနိုင်မည့် အခြေအနေကိုလည်း ဖော်ထုတ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍအခြေအနေကို သိရှိခဲ့ရသည်။ စွမ်းအင်အရင်းအမြစ်ပါဝင်မှုအချိုးအစား (Generation Mix) အနေဖြင့် ရေအားလျှပ်စစ် ၄၇ ဒသမ ၁ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၃၇ ဒသမ ၆ ရာခိုင်နှုန်း၊ LNG ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းနှင့် နေရောင်ခြည်စွမ်းအင် ၄ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စွမ်းအင်အရင်းအမြစ် ပါဝင်မှုအချိုးအစား (Generation Mix) တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် စွမ်းအင်အမျိုးအစားသစ်များကို တိုးမြှင့်အသုံးပြုသွားရန်၊ ပြည်တွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်အရင်းအမြစ်များအပေါ် အခြေခံပြီး နိုင်ငံတော်အတွက် သင့်လျော်သည့် စွမ်းအင်အမျိုးအစားအလိုက် သုံးစွဲမှုအချိုး (Energy Mix) နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် စွမ်းအင်အရင်းအမြစ်ပါဝင်မှု အချိုးအစား (Generation Mix) များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးပေးကြသည်။

ဆွေးနွေးပွဲ၏ ဆွေးနွေးမှုများမှတစ်ဆင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်သည် အခြားသော ဓာတ်အားပေးစနစ်များနှင့် နှိုင်းယှဉ်ပါက စီမံကိန်းကာလတိုတောင်းခြင်း၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ စနစ်တကျ ချိတ်ဆက်ထည့်သွင်းနိုင်ရုံသာမက ဝေးလံခေါင်သီသော ဒေသများတွင်ပါ တစ်ဦးချင်း (သို့မဟုတ်) အစုအဖွဲ့အလိုက် ကဏ္ဍစုံအသုံးပြုနိုင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုကင်းစင်၍ သန့်ရှင်းသော စွမ်းအင် (Clean & Green Energy) ဖြစ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းစင်ခြင်း စသည့် အကျိုးကျေးဇူးများစွာရှိခြင်းကြောင့် မိမိတို့နိုင်ငံအတွက် အထူးသင့်တော်သည့် စနစ်တစ်ခုဖြစ်နေသည်ကို သိရှိခဲ့ရသည်။

နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့် အချိုးအစားဖြင့် ဆိုလာစနစ်အား ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ်အား တပ်ဆင်အသုံးပြုနိုင်ရေးကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်ကို ဆွေးနွေးမှုများမှ သိရသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် အသစ်အသစ် ပေါ်ထွန်းလာသော ဆိုလာပြားမျိုးဆက်များ၊ နည်းပညာမြင့်မားလာသော ဘက်ထရီစနစ်များ၊ စက်ရုံ၊ အလုပ်ရုံသုံး ဆိုလာစနစ်များ၊ နေရောင်ခြည်စွမ်းအင်သုံးစက်ရုံများက သမားရိုးကျထုတ်လုပ်မှုအပေါ် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုနှင့် ဖြေရှင်းရန်နည်းလမ်းများ၊ ဓာတ်အားစနစ်ကို တည်ငြိမ်စွာ ထိန်းသိမ်းမောင်းနှင်နိုင်ရေး လိုအပ်ချက်များနှင့် ဖြေရှင်းဆောင်ရွက်ရန်အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဆွေးနွေးသည့် Static Var Generator (SVG) နည်းပညာလေ့လာအကြံပြုချက်များက ဆိုလာစွမ်းအင်စနစ်ကို အဆင့်မြင့်စွာ အသုံးပြုနိုင်ရန် အရေးပါသည့် နည်းပညာဖြစ်သည်။ Static Var Generator (SVG) နည်းပညာသည် လျှပ်စစ်ဓာတ်အားစနစ်များတွင် Power Factor (PF) ကို မြှင့်တင်ရန်နှင့် ပါဝါအရည်အသွေး (Power Quality) ကို ကောင်းမွန်စေရန် အသုံးပြုသည့် အဆင့်မြင့် ပါဝါအီလက်ထရွန်နစ် နည်းပညာဖြစ်သည်။

ထို့ပြင် ပြည်သူများ၏ နေအိမ်တစ်အိမ်ချင်းစီတွင် အသုံးပြုသည့် Solar Home System အကြောင်းကိုလည်း ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ Solar Home System များကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အချက်များ၊ ဒီဇိုင်းပြုလုပ်ပုံများ၊ တပ်ဆင်အသုံးပြုနေမှုအခြေအနေ၊ နေအိမ်များတွင် တပ်ဆင်သည့် Solar PV Roof Top System ဒီဇိုင်းများ၊ လက်တွေ့လုပ်ငန်းအတွေ့အကြုံများလည်း ပါဝင်သည်။

ထို့အတူ ဘက်ထရီသိုလှောင်မှုစနစ်မပါဘဲ မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်သည့် Grid–Tied System၊ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမပြုဘဲ ဆိုလာနှင့်ဘက်ထရီ ပေါင်းစပ်ထားသည့် မဟာဓာတ်အားလိုင်းပြင်ပရှိ Off– Grid System နှင့် အဆိုပါနှစ်ခု (သို့မဟုတ်) အခြားဓာတ်အားထုတ်လုပ်မှုကိုပါ ပေါင်းစပ်ထားသည့် Hybrid System များအဖြစ် ကျယ်ပြန့်စွာ အသုံးပြုနည်းတို့ကို စေ့စေ့စုံစုံ ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြသည်။

ဆိုလာပြားများသည် ဆီလီကွန်ဆဲလ်များဖြင့် ဖွဲ့စည်းထားပြီး နေရောင်ခြည်ကို လျှပ်စစ်အဖြစ် ပြောင်းလဲပေးနိုင်သော မြင့်မားသည့် စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားသည်။ သက်တမ်းအားဖြင့် အနှစ် ၂၀ မှ ၂၅ နှစ်အထိ ခိုင်ခံ့သည်။ သို့သော် ဆိုလာပြားများ သက်တမ်းကုန်လွန်သွားသည့်အခါ အလွှာလိုက် ကော်ဖြင့် ကပ်ထားသဖြင့် ခွဲထုတ်ရန် ခက်ခဲပြီး Lead နှင့် Cadmium ကဲ့သို့ အဆိပ်ရှိသော သတ္တုအနည်းငယ်ပါဝင်သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ စွန့်ပစ်ရန် လိုအပ်သည်။ ထို့ကြောင့် စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း (Recycling Process) တို့နှင့် စပ်လျဉ်းသည့် အသေးစိတ်ဆွေးနွေးမှုများ၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တစ်နေ့တာ ဆွေးနွေးပွဲဖြစ်သော်လည်း တက်တက်ကြွကြွဖြင့် ဆွေးနွေးပွဲအစမှ အဆုံးတိုင် တက်ရောက်လာကြသူများက ဟိုတယ်ခန်းမကြီးအပြည့် ပါဝင်တက်ရောက်ပြီး ဘက်စုံကဏ္ဍစုံမှ အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများကို ခြုံငုံကြည့်သည့်အခါ အားလုံးက လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာ တိုးမြှင့်ပါဝင်လာစေရေးကို ဦးတည်ခဲ့ကြသည်။

ဆွေးနွေးပွဲမှရရှိခဲ့သည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်မည့် ခြေလှမ်းအစဖြစ်သည်။ ဆွေးနွေးချက်များ၊ အကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ရှေ့သို့လှမ်းချီကြရမည် ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

> **"ဆွေးနွေးပွဲမှရရှိခဲ့သည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်မည့် ခြေလှမ်းအစဖြစ်သည်။ ဆွေးနွေးချက်များ၊ အကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ရှေ့သို့လှမ်းချီကြရမည်"**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၈ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jang Phang နော်တောင်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ခုနှစ်) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ခုနှစ်) နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အား ဆက်လက်အတည်ဖြစ်စေရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်** က ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်များမှအပ ကျန်သည့်မြို့နယ်များတွင် နယ်မြေမတည်ငြိမ်မှုဖြစ်နေဆဲ အခြေအနေရှိပါကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသည့် နယ်မြေများကို နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိစေရန်အတွက် အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်က ဆက်လက်တာဝန်ယူ ဆောင်ရွက်ရန် လိုအပ်နေသေးပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကကျသည့် လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။



ပုဒ်မ ၃၃၈ တွင်လည်း နိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ၄၁၂(က)တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခု၏ နယ်မြေ၏အစိတ်အပိုင်းတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပြုသည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပုဒ်မ ၄၁၃(က)တွင် နယ်မြေအခြေအနေ မူလအတိုင်း ပြန်လည်ရောက်ရှိစေရန် တပ်မတော်၏အကူအညီကို ရယူနိုင်ကြောင်းနှင့် ပုဒ်မ ၄၁၆တွင် နိုင်ငံတော်သမ္မတ၏တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက အချိန်ကာလထပ်မံတိုးမြှင့်ပြီး ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို တိုးမြှင့်အာဏာတည်စေရမည်ဟုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နယ်မြေမတည်မငြိမ်ဖြစ်နေသည့် ကျန်မြို့နယ်များအတွက် အခြေခံဥပဒေပုဒ်မ ၂၁၂(ဃ)အရ သက်တမ်းတိုးပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ** က နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့သည် နိုင်ငံတော်၏အဓိကတာဝန်များဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တင်ပြချက်များနှင့် လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ရာတွင် အရေးပေါ်ကြေညာထားသည့် မြို့နယ်ပေါင်း ၆၀ အနက် ချင်းပြည်နယ်ရှိ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်များမှအပ ကျန်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း။

လက်ရှိတွင် အရေးပေါ်ကြေညာထားသော မြို့နယ်များ၌ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ အများပြည်သူ၏ လုံခြုံရေးကို ထိခိုက်နိုင်သော အခြေအနေများနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ရန် အခက်အခဲများ ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအချိန်တွင် အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ပါက ဒေသတည်ငြိမ်ရေးနှင့် ပြည်သူ့လုံခြုံရေးအပေါ် မလိုလားအပ်သည့် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခနှင့် လုံခြုံရေးစိန်ခေါ်မှုများ၊ အုပ်ချုပ်ရေးအခက်အခဲများ၊ ပြည်သူများ၏ နေ့စဉ်ဘဝလုံခြုံစွာဖြတ်သန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက ဥပဒေနှင့်အညီ မိမိတို့တာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အခြေအနေကြေညာချက်ကို နောက်ထပ်ရက် ၉၀ ဆက်လက်အတည်ဖြစ်စေရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ** က ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်ဒေသ တစ်ခုသာမဟုတ်ဘဲ အိန္ဒိယနိုင်ငံသို့ ဝင်ပေါက်၊ တောင်အာရှသို့ ဆက်သွယ်ပေးမည့် မဟာဗျူဟာမြောက် တံခါးပေါက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုသည် ချင်းပြည်နယ်အတွက်သာ မဟုတ်ဘဲ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက်ပါ အလွန်အရေးကြီးပါကြောင်း၊ ချင်းပြည်နယ်တွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု အမြန်ဆုံး ပြန်လည်ရရှိလာခြင်းသည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက်သာမက ဒေသတွင်း အပြန်အလှန် အကျိုးဖြစ်ထွန်းမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး၊ မဟာဗျူဟာမြောက် ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ချင်းပြည်နယ်တွင် ပုံမှန်အုပ်ချုပ်ရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်စတင်နိုင်ရေးတို့ကိုရည်ရွယ်၍ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆) အား နောက်ထပ်ရက်ပေါင်း ၉၀ ဆက်လက်အတည်ဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီချက်ပေးရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးရန်နိုင်ဦး** က ယခင်က ထုတ်ပြန်ထားခဲ့သည့်ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ နှင့် ၂/၂၀၂၆ တို့သည် စတင်ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ပြဋ္ဌာန်းကာလ မူလရက် ၉၀ ပြည့်မြောက်မည် ဖြစ်သော်လည်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက မြို့နယ်များအနက် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များသည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် မူလကဲ့သို့ ကောင်းမွန်သည့် အခြေအနေများကို ပြန်လည်ရောက်ရှိခြင်း မရှိသေးသည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဘဝအာမခံချက်၊ တိုင်းပြည်၏ အချုပ်အခြာ ပိုမိုလေးနက်တည်ငြိမ်စွာ တည်ဆောက်နိုင်ရေးကို လုံလောက်သည့် အချိန်တစ်ခု ထပ်မံရရှိရန် လိုအပ်နေသေးသည့်အားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းကာလကို နောက်ထပ်ရက်ပေါင်း ၉၀ အထိ ဆက်လက်တည်ရှိရန် မလွဲမသွေလိုအပ်ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ် တွန်းဇံမြို့၊ ဖလမ်းမြို့တို့မှအပ ကျန်မြို့နယ်များသည် မူလအခြေအနေအတိုင်း တည်ငြိမ်အေးချမ်းလုံခြုံမှု မရှိသေးသည့်အတွက် မူလအတိုင်း အသားသေအောင် နောက်ထပ် ထပ်မံ၍ လုံလောက်သည့် နေ့ရက်အချိန်ကာလတစ်ခုအထိ ဆက်လက်အတည်ဖြစ်စေရန် မလွဲမသွေလိုအပ်လျက်ရှိပါသဖြင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်ဇင်ထွန်း** က ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့အား စစ်အုပ်ချုပ်ရေးမှ ချန်လှပ်ပေးထားခြင်းသည် မြေပြင်လုံခြုံရေး၊ စစ်ရေးနှင့် အုပ်ချုပ်ရေး အခြေအနေများကို အခြေခံ၍ ဆုံးဖြတ်ထားသည့် လက်တွေ့ကျသော ဆုံးဖြတ်ချက်ဖြစ်သည်ဟု ယူဆပါကြောင်း၊ တစ်နိုင်ငံလုံးကို တစ်ပြိုင်နက်တည်း စစ်အုပ်ချုပ်ရေး သက်တမ်းတိုးခြင်းမျိုးမဟုတ်ဘဲ ဒေသတစ်ခုချင်းစီ၏ တည်ငြိမ်မှုအခြေအနေကို သီးခြားသုံးသပ်၍ ဖလမ်းနှင့် တွန်းဇံမြို့နယ်တို့ကို ချန်လှပ်ပေးခြင်းသည် ဥပဒေ၏ ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီသကဲ့သို့ မြေပြင်အခြေအနေနှင့်လည်း လိုက်လျောညီထွေရှိသော ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း။

စစ်အုပ်ချုပ်ရေးသည် နိုင်ငံတော်၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ယာယီအသုံးပြုရသည့် အရေးပေါ်ဥပဒေဆိုင်ရာ အစီအမံဖြစ်သော်လည်း အန္တိမရည်မှန်းချက်သည် အရပ်ဘက်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ ပုံမှန်လူမှုစီးပွားဘဝကို အမြန်ဆုံး ပြန်လည်ဖော်ဆောင်ပေးနိုင်ရေး ဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့အား စစ်အုပ်ချုပ်ရေးမှ ချန်လှပ်ပေးထားခြင်းကို ထောက်ခံကြောင်း၊ ကျန်မြို့နယ်များတွင်လည်း တည်ငြိမ်ရေး ပြန်လည်ရရှိသည်နှင့် တစ်ပြိုင်တည်း စစ်အုပ်ချုပ်ရေးကို အမြန်ဆုံး ရုပ်သိမ်း၍ အရပ်ဘက်အုပ်ချုပ်ရေးစနစ်သို့ ပြန်လည်ကူးပြောင်းနိုင်ရေးကို အလေးထားဆောင်ရွက်ပေးပါရန်နှင့်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဗဟန်း မဲဆန္ဒနယ်မှ ဒေါက်တာလှတင့်** က မိမိတို့နိုင်ငံအနေဖြင့် ရရှိမည့် အကျိုးကျေးဇူးသည် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများထက် ပိုမိုများပြားပါကြောင်း၊ စိန်ခေါ်မှုများကို မိမိတို့၏ လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒနှင့် စီမံခန့်ခွဲနိုင်မည်ဖြစ်သည့်အတွက် စာချုပ်ကို အတည်ပြုပေးရန် ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များမည့် နည်းပညာဆိုင်ရာ မဟာဗျူဟာမြောက် စာချုပ်တစ်ခု ဖြစ်ပါကြောင်း။

ယင်းစာချုပ်သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မထိခိုက်စေသည့်အပြင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့်ပညာရေးကဏ္ဍ မြှင့်တင်ရေးတို့အတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းအားပေးမည်ဖြစ်သည့်အတွက် (WAICO) စာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် Founding Member အဖြစ် ဝင်ရောက်နိုင်ရေးကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ** က WAICO သို့ ဝင်ရောက်ခြင်းသည် ဘက်စုံသံတမန်ရေးမူဝါဒကို ပိုမိုအားဖြည့်ဆောင်ရွက်ရာရောက်ပြီး အရှေ့တောင် အာရှနှင့် အာရှဒေသတွင်း နိုင်ငံများနှင့်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

နည်းပညာဆိုင်ရာ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ WAICO နှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဉာဏ်ရည်တု စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပြီး ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကိုပါ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များနှင့် ဒီဂျစ်တယ်ခေတ်ရေစီးကြောင်းတွင် တိုးတက်မြင့်မားလာမည့် နိုင်ငံတော်အကျိုးစီးပွားကို ရှေးရှုလျက် ဤကမ္ဘာ့ဉာဏ်ရည်တုနည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (WAICO) သို့ မြန်မာနိုင်ငံဝင်ရောက်လက်မှတ်ရေးထိုးရေး အဆိုပြုချက်ကို ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်**က AI နည်းပညာကို လူသားအကျိုးပြု အသုံးချနိုင်ရေးကို အလေးထားခြင်းကြောင့် နိုင်ငံတကာ အသိုက်အဝန်း၏ ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းအဖွဲ့အစည်းတွင် ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် AI နည်းပညာဆိုင်ရာ သုတေသန၊ နည်းပညာလွှဲပြောင်းမှု၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ အတွေ့အကြုံများဖလှယ်နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် နည်းပညာကွာဟချက်ကို လျှော့ချနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်ဖြစ်လာခြင်းသာမဟုတ်ဘဲ နိုင်ငံ၏ အနာဂတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ အဆိုအား အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ**က မြန်မာနိုင်ငံအနေဖြင့် အဆိုပါသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပါက AI နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှုများတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း၊ AI သုတေသနနည်းပညာလွှဲပြောင်းမှု ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ရေးနှင့် စွမ်းအင်မြှင့်တင်ရေး အစီအစဉ်များတွင် အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် e-Government လုပ်ငန်းများကို AI နည်းပညာဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင် AI နည်းပညာအသုံးပြုမှုကို ပိုမိုတိုးချဲ့နိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် ပါဝင်လက်မှတ်ထိုးနိုင်ရေးကို အတည်ပြုချက် ရယူပေးပါရန် ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်**က နိုင်ငံအသီးသီးက လုံခြုံရေးနှင့်အတူ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားရုန်းကန်နေကြရသည့် ယခုကာလမျိုးတွင် ကမ္ဘာကြီး၏ အနာဂတ် အကောင်း၊ အဆိုးအား နည်းပညာကသာ အဆုံးအဖြတ်ပေးမည်ကို သိသာထင်ရှားနေပါကြောင်း၊ ကဏ္ဍပေါင်းစုံ၏ နည်းပညာ ဆန်းသစ်တိုးတက်မှုများတွင် AI Software နှင့် Chip ထုတ်လုပ်မှုသည် အဓိကဖြစ်နေပြီး AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် တရုတ်နိုင်ငံမှ ဦးဆောင်လာနိုင်သည်ကိုလည်း ထင်ရှားစွာတွေ့မြင်နေရပါကြောင်း။

AI နှင့် လွတ်ကင်းသည်မရှိ (Everywhere Anything AI) ဆိုသည့် ကမ္ဘာကြီးဖြစ်လာမည်မှာ မဝေးတော့သော်လည်း လူသားများကသာ နည်းပညာကို တီထွင်ဆန်းသစ် ထိန်းချုပ်ထားခြင်းဖြစ်ပါ၍ လူသားသည်သာအဓိကဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (WAICO) တည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စအပေါ် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လက်တွေ့ကျကျ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေး**က WAICO ကဲ့သို့သော နိုင်ငံတကာ AI ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်ခြင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အကျိုးကျေးဇူးရှိနိုင်ပါကြောင်း၊ သို့သော် ပါဝင်ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွား၊ ဥပဒေစည်းမျဉ်းများနှင့် လုံခြုံရေးကို အခြေခံ၍ ဂရုတစိုက် ဆောင်ရွက်သင့်ပါကြောင်း။

AI နည်းပညာသည် အနာဂတ်၏ အရေးပါဆုံးနည်းပညာများထဲမှ တစ်ခုဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် သင့်လျော်စွာ ပါဝင်ဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို များစွာ အထောက်အကူပြုနိုင်သည့်အတွက် နေ့စဉ်တိုးတက်နေသော နည်းပညာများကို လေ့လာဆည်းပူးပြီး မလိုလားအပ်သော ကိစ္စရပ်များမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ထိန်းသိမ်းပြီး ဆောင်ရွက်ပေးကြပါရန်နှင့် WAICO တည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် မြန်မာနိုင်ငံအနေဖြင့်ပါဝင်မှုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခင်မောင်ထွေး(ခ) မင်းစောနွယ်**က ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် နိုင်ငံတကာ သုတေသနအသိုက်အဝန်းများအကြား ပူးပေါင်းမှုပိုမိုအားကောင်းလာစေခြင်း၊ AI နည်းပညာ၏ အန္တရာယ်များနှင့် စိန်ခေါ်မှုများကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စုပေါင်းလျှော့ချနိုင်ခြင်း၊ နည်းပညာလွှဲပြောင်းရယူနိုင်ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်နိုင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုတွင် ညီညွတ်မျှတသော စံနှုန်းများ ပေါ်ထွက်လာခြင်း စသည့်အားသာချက်များကို တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အခြေခံပြီး ဘေးကင်း၍ တရားမျှတသော AI ဂေဟစနစ်ပေါ်ထွန်းလာစေရန် နိုင်ငံတကာ ဥပဒေကြောင်းအရ သီးခြားရပ်တည်မည့် မဟာဗျူဟာမြောက်အဖွဲ့အစည်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြား နည်းပညာနှင့် အရင်းအမြစ်များ တန်းတူညီမျှရရှိစေရန်နှင့် စနစ်တကျ ပြဋ္ဌာန်းထားသဖြင့် ဤသဘောတူညီချက်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး (ခ) ဦးတင်ဦး**က ကောင်းကျိုး၊ ဆိုးပြစ် နှစ်တန်ပြိုင်တူပေးစွမ်းနိုင်သည့် AI ဉာဏ်ရည်တုနည်းပညာ အရှိန်အဟုန် ကြီးမားစွာ ထွန်းကားပြန့်ပွားလာသည့် အချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားများသည် AI ၏ ကောင်းကျိုးများကို အတူမျှဝေခံစားရင်း AI ကို တလွဲသုံးခြင်း၊ ဘက်လိုက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံများအားလုံးက စုပေါင်းကာကွယ်တားဆီးကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိနှင့်အနာဂတ်ကာလအတွက် လုံခြုံစိတ်ချဘေးကင်းသော AI နည်းပညာနယ်ပယ်တစ်ရပ်ရှိရန် အရေးတကြီးလိုအပ်နေခြင်း၊ နိုင်ငံ၏ အမျိုးသားရေး စရိုက်လက္ခဏာ၊ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်မှုတို့ကို အပြည့်အဝအသိအမှတ်ပြုထားခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အား အမှန်တကယ် ထိရောက်အကျိုးရှိစေနိုင်ခြင်းဟူသော အခြေခံစံ(၃)ချက်နှင့် ကိုက်ညီသော အပြည့်ပြည့်ဆိုင်ရာ သဘောတူစာချုပ်ဖြစ်ကြောင်း စိစစ်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ဤစာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ထောင်သူအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လက်မှတ်ထိုးရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း**က article 5 ပါ Council နှင့် secretariat တွင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ ခန့်အပ်နိုင်ကြောင်း article 8 တွင် ထပ်မံဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံ ကိုယ်စားပြုတစ်ယောက်ကို အချိန်ပြည့် တာဝန်ထမ်းဆောင်ရန် တောင်းဆို သင့်ပါကြောင်း၊ WAICO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကို စီမံအုပ်ချုပ်နိုင်သည့် အရည်အချင်း၊ အတွေ့အကြုံများလည်း လိုအပ်နေပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းကို စီမံခန့်ခွဲနိုင်သည့် အတွေ့အကြုံများမရှိပါက မြန်မာအလှည့်ကျ ဦးဆောင်ရမည့် အချိန်ကျစေကာမူ အကြောင်းပြချက်မျိုးစုံဖြင့် အခွင့်အရေးကို မျက်ကွယ်ပြုကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Founding Member တစ်ယောက်၏ အခွင့်အာဏာများကို အခြား memberများ မတောင်းဆိုမီ ဦးစွာတောင်းဆို ဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံသားများ ကမ္ဘာနှင့် ဒေသအဖွဲ့များ စီမံအုပ်ချုပ်သည့် အတွေ့အကြုံများရရှိရန် council နှင့် secretariat တွင် မြန်မာနိုင်ငံသားတစ်ယောက် တာဝန်ထမ်းဆောင်ခွင့်ရရှိရန်တို့ ဆောင်ရွက်ပေးပါရန် ထောက်ခံဆွေးနွေးသည်။

**သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်**က ဤသဘောတူညီချက်စာချုပ်သည် မိမိတို့နိုင်ငံ၏ လက်ရှိအကောင်အထည်ဖော်နေသည့် ဒီဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများ၊ နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP ရည်မှန်းချက်များနှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စတင်တည်ထောင်သူအဆင့်တွင် ပါဝင်ခွင့်ရမှသာ နောင်တစ်ချိန် နိုင်ငံတကာ AI စံနှုန်းများနှင့် မူဝါဒများ ချမှတ်သည့်နေရာများတွင် မိမိတို့နိုင်ငံ၏ အသံနှင့် ရပ်တည်ချက်များကို ထည့်သွင်းပြီး တန်းတူရည်တူ ဦးဆောင်ဆွေးနွေးခွင့် ရရှိလာမည်ဖြစ်ပါကြောင်း၊ သဘောတူညီချက်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် ကမ္ဘာ့ခေတ်ရေစီးကြောင်းကို ရင်ပေါင်တန်းနိုင်စေရန်နှင့် မိဘပြည်သူများအတွက် နည်းပညာဖြင့် အဆင့်မြင့်သည့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးရန်အတွက် မလွှဲမသွေ လိုအပ်သော လုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်**က AI ကို အသုံးပြု၍ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပိုမိုမွေးထုတ်နိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေးစနစ်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းရေး စသည့်ကဏ္ဍများတွင် AI ကို အသုံးပြု၍ ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ဉာဏ်ရည်တု (AI) နည်းပညာကို စနစ်တကျအသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိပြီး ကောင်းမွန်သည့် အထောက်အကူများ ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် နည်းပညာ ချိတ်ဆက်ဖလှယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် WAICO ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပေါင်းတည် မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း**က AI နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ ကိုယ်ရေးအချက်အလက် လုံခြုံရေး၊ AI နှင့် သတင်းအမှားများ ပြုလုပ်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကိုလည်း အလေးထားစီမံခန့်ခွဲရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် AI အသုံးပြုမှုအတွက် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များကို နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီအောင် တည်ဆောက်သင့်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ဝန်ဆောင်မှု အရည်အသွေးများ မြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးအတွက် ယင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အဆိုပါသဘောတူညီချက်ကို မြန်မာနိုင်ငံကိုယ်စား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပါဝင်လက်မှတ်ရေးထိုးသွားနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၉(က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅(က) ပါ ပြဋ္ဌာန်းချက်တို့အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်တွင် နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော် နာယကကြီးထံသို့ သဝဏ်လွှာပေးပို့ခဲ့ခြင်းဖြစ်ပါကြောင်း။

သဝဏ်လွှာတွင် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အား ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်၊ မူဝါဒသဘောတရားများနှင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ် ၂၀၃၀ ကို အကျိုးပြုစေရန်အတွက် တည်ထောင်ခြင်းဖြစ်ကြောင်း၊ အစိုးရအချင်းချင်း ဆက်သွယ်သည့် လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်အနေဖြင့် တည်ထောင်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေဂုဏ်ရှိသော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာကာ တန်းတူညီမျှမှု နိုင်ငံပေါင်းစုံပါဝင်မှုကို ဦးတည်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ၂၀၂၆ ခုနှစ် မေ (၁) ရက်မှ ဇူလိုင် (၃၁) ရက်အထိ သတ်မှတ်ထားကြောင်းနှင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်ကြေး နှစ်စဉ်ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ ဤသဘောတူညီချက်နှင့် အဖွဲ့အစည်းမှ နုတ်ထွက်မည်ဆိုပါက အကြောင်းကြားစာပေးပို့ပြီး တစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် အာဏာသက်ရောက်မည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၆ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာဆွေးနွေးပွဲနှင့် ကမ္ဘာတစ်ဝန်းဉာဏ်ရည်တု အုပ်ချုပ်မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်တော်ကြီးများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် *စာမျက်နှာ ၉ သို့*

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAOs) တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးသား ဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA–S EAOs) တို့ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ကို** ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ဆက်လက်ကျင်းပသည်။



ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့်ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA–S EAOs) ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင် တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေ အတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုး တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) က NCA ၏ အနှစ်သာရနှင့် အောင်မြင်မှုများအပေါ် အခြေခံသော ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်အား ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲ ပထမရက်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင် ဆောင်ရွက်ရာတွင် NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် သက်ဆိုင်သူများပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဖြစ်မြောက်လာစေရေး၊ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးရေး၊ EAO များ အခြေပြုရာ ဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်စပ်အကောင်အထည်ဖော်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များအား ကျင်းပပြုလုပ်ရာတွင် သက်ဆိုင်ရာ NCA–S EAOs များက ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း/ပြည်ပ နည်းပညာအကူအညီများ ရယူရေး၊ အလွတ်သဘော တွေ့ဆုံမှုများနှင့် Bilateral တွေ့ဆုံမှုများ ဆက်လက်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ NCA ၏ အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ ကင်းကွာနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး၊ စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူစုစည်းချက်များအား မှတ်တမ်းတင် လက်မှတ်ရေးထိုးကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ပါဝင်လက်မှတ်ရေးထိုးခွင့်ရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ AI နည်းပညာခရီးလမ်းကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းက ထောက်ကူအားဖြည့်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပညာရှင်များ၏ အကူအညီများ ရရှိနိုင်ပြီး လူသားအရင်းအမြစ်မွေးထုတ်ရေးတွင်လည်း များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် AI နည်းပညာကို လွဲမှားစွာအသုံးပြုမှု၊ ဘေးထွက်ဆိုးကျိုးများနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေကို နိုင်ငံတကာနှင့် ဟန်ချက်ညီညီ ပူးပေါင်းပြီး ကာကွယ်တားဆီးတိုက်ဖျက်နိုင်မည် ဖြစ်ပါကြောင်း။

သို့ပါသောကြောင့် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား တည်ထောင်ပြီး AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် AI နည်းပညာဆိုင်ရာ ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းကိစ္စရပ်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ထောက်ခံအတည်ပြုပေးပါသော ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အတည်ပြုသဖြင့် အဆိုအား သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇူလိုင် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

---

## တွန်းဇံမြို့၌ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်

**တွန်းဇံ ဇူလိုင် ၂၁**

ချင်းပြည်နယ် တွန်းဇံမြို့၌ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ယင်းသို့ အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ရာ၌ နိုင်ငံ့ဝန်ထမ်း ၆၄၀ အတွက် ဆန်အိတ် ၂၀၀၊ စားအုန်းဆီပိဿာ ၆၄၀၊ မိသားစုဝင်များနှင့် ပြည်သူများအတွက် ကုလားပဲပိဿာ ၁၅၂၀ နှင့် ဆားထုပ် ၁၅၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၂၁**

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးအောင်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေဘာသာရပ် ၁၁ ခုအပေါ် သိရှိလိုသည်များအား ရှင်းလင်းပြောကြား၍ သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။



**ရွှေရန်ကင်း**

---

## အခြေခံအုတ်စီနှင့် ကျောက်ပုံး ဆရာဖြစ်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) နှင့် Inclusive System Myanmar (ISM) တို့ပူးပေါင်း၍ အခြေခံအုတ်စီနှင့် ကျောက်ပုံး TOT (Training of Trainers) ဆရာဖြစ်သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း MCEF မှ သိရသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁ ရက်မှစတင်၍ စနေ၊ တနင်္ဂနွေနေ့များတွင် ရက်သတ္တကိုးပတ်ကြာ MCEF Head Office အမှတ် (၃) သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ သဃ်န်းကျွန်းမြို့နယ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသည့် သင်တန်းသားများအနေဖြင့် ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ၀၉၈၈၉၃၂၁၇၁၀၉၊ ၀၉၆၆၀၂၈၂၀၀၀၊ Viber: ၀၉၈၈၉၃၂၁၇၁၀၉, Email–mcef1996@gmail.com သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**MT**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ (ရန်ကုန်)လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်)၌ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များသည် စက်ရုံသို့ ရောက်ရှိရာ စက်ရုံဌာနချုပ်ရုံးအစည်းအဝေးခန်းမ တွင် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ ဌာနခွဲများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများ၊ စက်ရုံ၏ထုတ်လုပ်နိုင်မှု စွမ်းရည်များ၊ ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိမှု၊ စက်ရုံမှထုတ်လုပ်သည့် Utility Vehicles များ၏ စွမ်းဆောင်ရည်များ၊ Utility Vehicles Component ထုတ်လုပ်မှုအဆင့်ဆင့်နှင့် စက်များ တပ်ဆင်အသုံးပြုမှု၊ စက်လိုင်းများတည်ထောင် ဆောင်ရွက်နေမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် ချက်နှင့်အညီ မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်း များ ထုတ်လုပ်မှုနှင့် သုတေသနလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

### အရည်အသွေးပြည့်မီစွာထုတ်လုပ်

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆီသယ်ယာဉ်၊ ရေသယ် ယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက် သာမက ဝန်ကြီးဌာနများတွင် အသုံးပြုသည်ဖြစ် သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေ အတွက်များများထုတ်လုပ်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန်၊ MSME လုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်များကို ထုတ်လုပ်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်၊ သုံးစွဲသူများ၏ လိုအပ်ချက်များကိုလည်း မှတ်တမ်းများပြုစု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်ပစ္စည်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ စက်ရုံမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များအား ဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ လိုအပ် ချက်များအပေါ်မူတည်၍ ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ မော်တော်ယာဉ်များ ထုတ်လုပ် ရာတွင် ယခုထက်ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်း များနှင့်ကိုက်ညီသည့် နည်းပညာမြင့်ကားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆက်လက်သုတေ သနပြုဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းမိသားစုများ ၏ သက်သာချောင်ချိရေးများကိုလည်း တာဝန်ရှိသူ များက ဖြည့်ဆည်းဆောင်ရွက်ပေးရန် စသည်တို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် အဆိုပါစက်ရုံရှိ ပုံဖိအလုပ်ရုံ၊ ဘို့နှင့်နပ်အလုပ်ရုံနှင့် Tank တပ်ဆင်ရေး အလုပ်ရုံ များအတွင်း မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ အား ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများ အသုံးပြု၍ထုတ်လုပ်လျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ်ထားရှိသည့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များ အား ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

### ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

အဆိုပါ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ (ရန်ကုန်)သည် ရေဂါလန် ၂၈၀၀ ဆံ့ (6 x 6) အမျိုးအစား မီးသတ်ယာဉ်၊ ရေဂါလန် ၁၁၀၀ ဆံ့ (4 x 2) အမျိုး အစား မီးသတ်ယာဉ်၊ ရေဂါလန် ၂၂၀၀ ဆံ့ (4 x 2) အမျိုးအစားရေသယ်ယာဉ်၊ ဆီဂါလန် ၄၂၀၀ ဆံ့ (6 x 6) အမျိုးအစား ဆီသယ်ယာဉ်နှင့် ဆီဂါလန် ၂၂၀၀ ဆံ့ (4 x 2) အမျိုးအစား ဆီသယ်ယာဉ်များအား ထုတ်လုပ်လျက်ရှိပြီး တပ်မတော်အတွက်သာမက ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများထံသို့ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါစက်ရုံအနေဖြင့် Innlay Jeep နှင့် Innlay Pickup များထုတ်လုပ်ရာတွင် လိုအပ်သော Body Press Part များ၊ Frame များနှင့် အခြားလိုအပ် သည့် အစိတ်အပိုင်းများအား ထုတ်လုပ်လျက်ရှိပြီး အဆိုပါအစိတ်အပိုင်းများအား တပ်မတော် အကြီးစား စက်ရုံ(ထုံးဘို)သို့ ပို့ဆောင်၍ Innlay Jeep ယာဉ် အပြီးသတ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက် ကာ တပ်မတော်အတွက်သာမက အရပ်ဘက်ဝန်ကြီး ဌာနများသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၉)နှစ်မြောက် အခမ်းအနား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၂၁

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၉) နှစ်မြောက် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပ ရာ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း နှင့်ဇနီး တက်ရောက်သည်။




### ကြိုဆိုနှုတ်ဆက်

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များ သည် အခမ်းအနားကျင်းပသည့် နေရာသို့ရောက်ရှိကြရာ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက် ကြသည်။

အစီအစဉ်အရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သီချင်း နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၉)နှစ် မြောက်အခမ်းအနားကို စတင် ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့် ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၉) နှစ်မြောက် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြ ပြီး **(အပေါ်ဝဲပုံ)** စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

### ဂုဏ်ပြုညစာဖြင့်ဧည့်ခံ

ယင်းနောက် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး နှင့် တရုတ်စစ်သံမှူးတို့က အခမ်း အနားသို့ တက်ရောက်လာကြသူ များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး များ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထား သည့် ဧည့်သည်တော်များ တက် ရောက်ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

စကြို အမှတ်(၁)၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ ပြည်နယ် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက ပြေးဆွဲမည့် ရထား တွဲဆိုင်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြစ်ကြီးနားဘူတာ မှ မိုးညှင်းဘူတာအထိ လိုက်ပါ စီးနင်းကြမည့် ခရီးသွားပြည်သူ များအား နှုတ်ဆက်၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က မိုးကောင်း၊ တောင်နီ၊ မင်းကုန်း၊ ဟိုပင်၊ မြို့သစ်ကလေး နှင့် ခရီးဆုံးဘူတာဖြစ်သည့် မိုးညှင်း ဘူတာအထိ ရထားစီးပြည်သူများ နှင့်အတူ လိုက်ပါစီးနင်းကြပြီး ဒေသခံပြည်သူများအား နှုတ်ဆက် အားပေးစကားများ ပြောကြား ကြသည်။

ယနေ့ စတင်ပြေးဆွဲသည့် အမှတ်(၄၉)အဆန် မိုးညှင်း- မြစ်ကြီးနား လူစီးရထားသည် မိုးညှင်းဘူတာမှ နံနက် ၆ နာရီ တွင် စတင်ထွက်ခွာ၍ မြစ်ကြီးနား ဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ် တွင် လည်းကောင်း၊ အမှတ် (၅၀) အစုန် မြစ်ကြီးနား-မိုးညှင်း လူစီး ရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မိုးညှင်းဘူတာသို့ မွန်းလွဲ ၁ နာရီ တွင်လည်းကောင်း ရောက်ရှိသည်။

ခရီးစဉ် လက်မှတ်ခနှုန်းထား မှာ ခရီးစဉ် အစ/အဆုံး အထက် တန်းအတွက် ငွေကျပ် ၂၅၀၀၀ နှင့် ရိုးရိုးတန်းအတွက် ငွေကျပ် ၁၅၀၀၀ ကျသင့်မည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက် ဘူတာစဉ် ရပ်တန့်ပေးမည်ဖြစ်ကာ လက်မှတ် များကို သက်ဆိုင်ရာဘူတာများ တွင် အထက်တန်းသုံးရက်နှင့် ရိုးရိုးတန်းအတွက် တစ်ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

မြစ်ကြီးနား-မိုးညှင်း-မြစ်ကြီး နားခရီးစဉ်ကို ခရီးသွားပြည်သူ များ လုံခြုံစိတ်ချစွာ သက်သောင့် သက်သာ စီးနင်းလိုက်ပါနိုင်ရေး အတွက် လူစီးရထားခရီးစဉ်ကို ပြေးဆွဲပေးခြင်းဖြစ်ပြီး မြန်မာ့ မီးရထားအနေဖြင့် လမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီ အချက်ပြစနစ် တပ်ဆင်အသုံးပြု နိုင်ခြင်း၊ ခေတ်မီ စက်ခေါင်းနှင့် တွဲများ အသုံးပြုလာနိုင်ပြီဖြစ်၍ ရထားအမြန်နှုန်း တိုးမြှင့်ပြေးဆွဲ ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael John Dunford အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၁**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael John Dunford အား ယနေ့နံနက်ပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် WFP မှ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းအစီအစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ ဆည်ရေသောက်ဧရိယာ ၄၂၄၃၉ ဧကအား ဇူလိုင်ဒုတိယပတ်မှစတင်၍ ဆည်ရေပေးဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းတည်ရှိသည့် ကင်းတားဆည် လက်ဝဲမြောင်းမကြီးမှ ယခုနှစ် မိုးစပါးဧက ၅၂၀၇၀ နှင့် အခြားမိုးသီးနှံ ၃၄၉၄ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိပြီး စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ စိုက်ပျိုးဧရိယာ ၄၂၄၃၉ ဧကကို ဇူလိုင်လဒုတိယပတ်မှ စတင်၍ ဆည်ရေပေးဝေလျက်ရှိကြောင်း၊ စမုံရေငုပ်ပြွန်မှ မိတ္ထီလာလွင်ပြင်ဒေသအတွင်း တိုးချဲ့စိုက်ပျိုးရန် လျာထားသည့် စိုက်ပျိုး ဧရိယာများအတွက်ပါ စိုက်ပျိုးရေတိုးချဲ့ပေးဝေသွားမည်ဖြစ်သည်။

အဆိုပါ စမုံရေငုပ်ပြွန် အသစ်ပြန်လည်တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၂၀ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် မြစ်သားမြို့နယ် သပြေတောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ဝင်ငွေရသီးနှံများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးသည့် သီးနှံများ အထွက်ကောင်းရေး၊ ရိတ်သိမ်းသိုလှောင်ခြင်း လုပ်ငန်းများတွင် သီးနှံလေလွင့်မှုမရှိရေး ဂရုပြုဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**



# နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား အခမဲ့ဆေးကုသပေး

**မကွေး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီးမှ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား ) များအား အခမဲ့ ဆေးကုသပေးခြင်းကို နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များ၏ လစဉ် ပင်စင်ထုတ်ရက်များအတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင် လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား တိုင်းပြည်သူ့ဆေးရုံကြီး အထူးကု ဆရာဝန်ကြီးများက ဆေးကုသပေးမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား ဆန်၊ ဆီ၊ ကြက်ဥတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း**

**(ပြန်/ဆက်)**

# ပြည်တွင်း၌ ခေတ်မီ Smart Meter များ ထုတ်လုပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်၍ စဉ်ဆက်မပြတ်ပေးနိုင်ရေးတို့အား ဘက်စုံမှတွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အင်းတကော် စက်မှုနယ်မြေရှိ ခေတ်မီ Smart Meter များထုတ်လုပ်နေသည့်စက်ရုံ၌ ဒီဂျစ်တယ်မီတာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများပြုလုပ်၍ Hardware နှင့် Software များကို အဆင့်မြှင့်တင်သွားနိုင်ရေး၊ သဘာဝဓာတ်ငွေ့မီတာနှင့် ရေမီတာများကိုပါ Digital မီတာဖြင့် ထုတ်လုပ်နိုင်ရေး၊ Electronic နှင့် IT ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးအတွက် လေ့ကျင့်ပညာပေးရေးနှင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် ဒီဂျစ်တယ်မီတာများအား အချိန်မီ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)၌ ဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ် ဘဏ္ဍာရေးတာဝန်ခံများနှင့် တွေ့ဆုံပြီး ဓာတ်အား လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် နည်းပညာအသုံးပြု၍ စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲသူတို့၏ လိုအပ်ချက်များကို ကောင်းမွန်သော ဝန်ဆောင်မှုများပေး၍ ဖြည့်ဆည်းပေးရန်၊ Call Center များအနေဖြင့် ပြည်သူတို့၏ မေးမြန်းလာမှု သတင်းပေးလာမှုတို့အပေါ် စိတ်ရှည်နားလည်မှုရှိစွာ ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည့် အစီအမံများတင်ပြရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောင်းကုန်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပုသိမ် ဇူလိုင် ၂၁**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အပင်နှစ်ဆယ်ဘူတာစုကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ရတနာတန်းဝင် ကျွန်းပင် ၄၁၆ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း မော်လမြိုင်မြို့ရှိ အဆင့်မြင့်ငါးဈေးသစ် ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်တိုးချဲ့အိမ်ရာကွက်ရှိ အဆင့်မြင့်ငါးဈေးသစ်ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးသူ ဈေးသားများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီနှင့်အခြေခံစားသောက်ကုန်များအားသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေမှု၊ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာများ စနစ်တကျထုတ်ပေးနေမှု၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)၌ သင်ထောက်ကူ ပစ္စည်းများ စုံလင်စွာ တပ်ဆင်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေမှုနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မော်လမြိုင်စက်မှုဇုန်ရှိ Green Box သစ်အခြေပြုအသေးစားလူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာသစ်မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ King ရော်ဘာကြိတ်စက်လုပ်ငန်း၊ ထူးစက်မှုလက်မှုလုပ်ငန်းတွင် Centerless Grinding Machine၊ CNC Lathe Machine၊ Hobbing Machine စက်ကြီးများဖြင့် စက်ပစ္စည်းများ ထုတ်လုပ်နေမှု၊ လယ်ယာသုံးစက်ကိရိယာကောက်စိုက်စက်၊ Drum seeder ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး အရည်အသွေးမီ ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(မြန်/ဆက်)**





# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသသည် ရေခံမြေခံကောင်းသည့် ဒေသတစ်ခု ဖြစ်သည်နှင့်အညီ ဒေသခံတောင်သူများ အနေဖြင့် ကုန်းမြင့်လယ်ယာစနစ်ဖြင့် ဒေသဝမ်းစာဖူလုံစေရေးအတွက် စပါးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီမည့် နှစ်ရှည်သီးနှံ ကော်ဖီ၊ လက်ဖက်၊ ထောပတ်ပင်များ စိုက်ပျိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။

ယမန်နေ့နံနက်ပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ် နာဂစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့နောက် လဟယ်မြို့နယ်အတွင်းရှိ MSME လုပ်ငန်း ဒေသထွက်ကုန်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လဟယ်မြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှု၊ လဟယ်မြို့ တိုးချဲ့-၂ ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းနှင့် မြို့မရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း စာသင်ဆောင် အဆောက်အအုံ ကြံ့ခိုင်မှုနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေမှုနှင့် တောင်သူ ဦးဆန်းဦး၏ နှစ်ရှည်သီးနှံ ကော်ဖီ၊ ထောပတ်၊ ဝဥ စိုက်ပျိုးရေးခြံတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (မြန်/ဆက်)**

# စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**ဟားခါး ဇူလိုင် ၂၁**

အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုး စီမံကိန်း စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကား ပြောကြားပြီး ပြည်နယ် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧနီးတို့က စက်ချုပ်နည်းသင်တန်းတွင် ထူးချွန်သင်တန်းသူ ငါးဦးအတွက် လုပ်ငန်းသုံး စက်ပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်အသေးစား စက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် စက်ပစ္စည်းများနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

# လွိုင်ကော်မြို့ ဓာတ်အားခွဲရုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**လွိုင်ကော် ဇူလိုင် ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့ ရွာတန်းရှည်ရပ်ကွက်ရှိ ၃၃/၁၁ KV၁၀ MVAရွာတန်းရှည်ဓာတ်အားခွဲရုံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ရွာတန်းရှည် ဓာတ်အားခွဲရုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များနှင့် အနီးဝန်းကျင် ကျေးရွာများ၊ ဒီးမော့ဆိုမြို့နှင့် ဖရူဆိုမြို့များအထိ ဓာတ်အားဖြန့်ဖြူးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန်နှင့် ဓာတ်အားခွဲရုံ စက်ထိန်းချုပ်ခန်းနှင့် ဓာတ်အားပေးစက်များကို စနစ်တကျ ထိန်းသိမ်းရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် နိုးကူးရပ်ကွက် ရွှေသွယ်လေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် မနော်ဟရီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာမူလတန်းလွန်ကျောင်း (မင်္ဂလာ) နှင့် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းများတွင် ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် KG မှ Grade – 5 အထိ ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်စွက်စာကျွေးမွေးမှု၊ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းပြင်ပပညာရေးစခန်း ဖွင့်လှစ်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**



**မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ**

## ရန်ကုန် - ပြည်ရထားပေါ်သို့ ရွှံ့စေးခဲဖြင့် ပစ်ပေါက်သူများအား အရေးယူပေးစေလို

သို့

**အယ်ဒီတာရှင့်**

ကျွန်မသည် ဇူလိုင် ၁၈ ရက်က ရန်ကုန်မှ ပြည်သို့ ရထားဖြင့် ခရီးသွားခဲ့ပါသည်။ ရန်ကုန်မှ လက်ပံတန်းဘူတာသို့ ရောက်ခါနီး မိနစ်အနည်းငယ်အချိန်တွင် ရထားပြတင်းပေါက်မှတစ်ဆင့် အတွင်းသို့ ရွှံ့စေးခဲများဖြင့် ပစ်ပေါက်ခြင်းကို ကြုံတွေ့ခဲ့ရပါသည်။ ကျွန်မကဲ့သို့ပင် အခြားသူများလည်း ကြုံတွေ့လိုက်ရပြီး ရုတ်တရက်မို့ အပြင်သို့ မကြည့်ရဲသဖြင့် မည်သူမည်ဝါက ပစ်ပေါက်လိုက်သည်ကို မတွေ့ရှိခဲ့ရပါ။

ရထားပေါ်သို့ လှမ်း၍ ပစ်ပေါက်ခြင်းမှာ အပျော်သဘော လက်သရမ်းခြင်းဖြစ်နိုင်သော်လည်း ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေးနှင့် ရထားလမ်းဘေးနေထိုင်ကြသည့် လက်ပံတန်းဘူတာမရောက်ခင် ပတ်ဝန်းကျင်တွင် အလားတူ ဖြစ်ရပ်မျိုး ထပ်မံမပြုလုပ်စေရေး ပညာပေးအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အရေးယူခြင်း ဆောင်ရွက်ပေးပါရန် မြန်မာ့အလင်းမှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့ တင်ပြအကူအညီ တောင်းခံအပ်ပါသည်။ **ရထားစီးပြည်သူတစ်ဦး**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ– mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သောရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက် လာကြသူများက အောင်သပြေခက်ကမ်း၍ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသားတစ်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသားတစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နမီးဘီးယားနိုင်ငံသံရုံးမှ Consular Mrs. Pranom Kumpunyo နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၁၉ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောင်းသားလူငယ် ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment )အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၁၀)နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ အထက (ပန်သခွား)တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁၄၆ ဦးတို့ကို ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးကြသည်။



၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ခရမ်းမြို့နယ် အထက်ခမတ်ကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

ခရမ်း ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထက်ခမတ်ကျေးရွာ ဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ခင်မောင်တင့်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှု၊ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ လယ်ကြားငါးမွေးမြူရေးနှင့် ငါးသားပေါက်ဖြန့်ဖြူးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ကိုမင်း(ခရမ်း)**



**ကျိုက်ထိုမြို့နယ်၌ စားအုန်းဆီများ ဈေးကွက်အတွင်း သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်း ရှိ မရှိ ဇူလိုင် ၂၀ ရက်က စားသုံးသူရေးရာဦးစီးဌာနမှ စားအုန်းဆီစစ်ဆေးရေးအဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။**

ကျိုက်ထို(ပြန်/ဆက်)



## ပုလောမြို့နယ်၌ မျိုးစပါးနှင့် သွင်းအားစုပေးအပ်

ပုလော ဇူလိုင် ၂၁

ပုလောမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား မျိုးစပါးနှင့်သွင်းအားစု ပေးအပ်ပွဲကို ယနေ့နံနက်က ပုလောမြို့သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက အမှာစကားပြောကြားပြီး အခြေခံသမအသင်းသုံးသင်းမှ တောင်သူ ၅၆ ဦး၏ မိုးစပါးစိုက်ဧက ၄၂၃ ဧကအတွက် တစ်ဧက ငွေကျပ်နှစ်သိန်းခွဲနှုန်းနှင့်ညီမျှသော မျိုးစပါးနှင့် သွင်းအားစုများကို တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ဗြိတိန်လေကြောင်းပြပွဲ၌ ဂျပန်၊ ဗြိတိန်နှင့် အီတလီတို့ ပူးပေါင်းထုတ်လုပ်သည့် မျိုးဆက်သစ်တိုက်လေယာဉ် သီးသန့်ပြခန်း ပါဝင်

**လန်ဒန် ဇူလိုင် ၂၁**

ကမ္ဘာ့ထိပ်တန်းလေကြောင်းပြပွဲကို ဗြိတိန်နိုင်ငံ၌ ဖွင့်လှစ်ခဲ့ပြီး ဂျပန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်သည့် မျိုးဆက်သစ်တိုက်လေယာဉ် မိတ်ဆက်ပြသသည့် သီးသန့်ပြခန်းတစ်ခု ပါဝင်ကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်ခဲ့သော ဖန်ဘိုရိုးအပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲ၌ အဓိကလေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီကြီးများအပါအဝင် ကမ္ဘာတစ်ဝန်းမှ ပြခန်း ပေါင်း ၁၆၀၀ ကျော်တွင် ၎င်းတို့၏ ထုတ်ကုန်များကို ပြသလျက်ရှိသည်။

တိုက်လေယာဉ်များနှင့် ပူးတွဲ၍ တိုက်ခိုက်ရေးနှင့် ထောက်လှမ်းရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသော အလိုအလျောက်မောင်းနှင်နိုင်သည့် မောင်းသူမဲ့လေယာဉ်များကိုလည်း ပြပွဲတွင် ခင်းကျင်းပြသထားကြောင်း သိရသည်။

အမေရိကန်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီး ဘိုးအင်းသည် ကီလိုမီတာ ၃၅၀၀ ကျော် ပျံသန်းနိုင်ပြီး ဒုံးကျည်များ တပ်ဆင်ထားသည့် အလိုအလျောက်မောင်းနှင်နိုင်သော မောင်းသူမဲ့လေယာဉ် Boeing MQ-28 ကို ပြသထားသည်။ အဆိုပါပြပွဲကို လာမည့် ဇူလိုင် ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**





## ဒေါ်နယ်ထရမ့်အစိုးရက ကနေဒါမှ အမေရိကန်သို့ တင်သွင်းကုန်ပစ္စည်းများအပေါ် အခွန်ထပ်တိုးကောက်ခံ

**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက ကနေဒါမှ အမေရိကန်သို့ တင်သွင်းလာသော ကုန်ပစ္စည်းအများအပြားအပေါ် နောက်ထပ် ၅၀ ရာခိုင်နှုန်း အခွန်ထပ်တိုးကောက်ခံမည်ဟု ကြေညာလိုက်သည်။ ယင်းအရေးယူဆောင်ရွက်မှုသည် အမေရိကန်မှ တင်ပို့သော ကားများ၊ အရက်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ကနေဒါက မမျှတစွာဆက်ဆံမှုအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထရမ့်အစိုးရက ပြောသည်။

သမ္မတထရမ့်သည် ၁၉၃၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော သွင်းကုန်၊ ပို့ကုန်အခွန်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၈ အရ အခွန်ချမှတ်ရန် သမ္မတကြေညာချက်များကို လက်မှတ်ရေးထိုးခဲ့သည်ဟု ဇူလိုင် ၂၀ ရက်တွင် အိမ်ဖြူတော်က ကြေညာခဲ့သည်။ အဆိုပါအခွန်များကို ကနေဒါမှ တင်သွင်းလာသော နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဝိုင်နှင့် ဟော်ကီတုတ်များအပါအဝင် ကုန်ပစ္စည်းများအပေါ် ကောက်ခံသွားမည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက်မှစတင်၍ အသက်ဝင်မည်ဖြစ်သည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက အဆိုပါ အခွန်တိုးမြှင့်မှုများကို အမေရိကန်က တစ်ဖက်သတ်ဆောင်ရွက်လာသည့် ကုန်သွယ်ရေးအရေးယူမှုများ၏ နောက်ဆုံးလုပ်ရပ်ဟု ဝေဖန်ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် ကုန်သွယ်ရေးပြဿနာများကို အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းရန် အသင့်ရှိကြောင်း မာ့ခ်ကာနေးကပြောကြားခဲ့သည်။ ကာနေးက မိမိတို့အစိုးရသည် ကနေဒါအလုပ်သမားများ၊ စီးပွားရေးလုပ်ငန်းများနှင့် မိသားစုများကို ကာကွယ်ပံ့ပိုးရန် လိုအပ်သော အရေးယူဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်သွားမည်ဟု အလေးအနက် ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




■

## ကမ္ဘာ့မော်တော်ယာဉ်လုပ်ငန်းတွင် ဝင်ငွေတိုးမြှင့်ရေး တိုယိုတာဥက္ကဋ္ဌသစ် ကတိပြု

**တိုကျို ဇူလိုင် ၂၁**

တိုယိုတာမော်တာ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အသစ်ဖြစ်သော ကွန်ကန်တာက ကမ္ဘာ့မော်တော်ယာဉ်လုပ်ငန်းတွင် ပြိုင်ဆိုင်မှုပြင်းထန်နေသော်လည်း ကုမ္ပဏီ၏ဝင်ငွေကို တိုးမြှင့်ရန် ကတိပေးထားသည်။ ကွန်သည် ဧပြီလတွင် တိုယိုတာ၏ ခေါင်းဆောင်တာဝန်ကို စတင်ထမ်းဆောင်ခဲ့ပြီး ဇူလိုင် ၁၈ ရက်တွင် သတင်းမီဒီယာအဖွဲ့များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့သည်။

တိုယိုတာ၏ တန်ဖိုးကိုဖန်တီးပေးပြီး ကုမ္ပဏီအတွက် ဝင်ငွေရရှိစေသည့်နေရာမှာ စက်ရုံထုတ်လုပ်ရေးလုပ်ငန်းခွင်များပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိ၏တာဝန်မှာ ထုတ်လုပ်ရေးရှေ့တန်းတွင် အလုပ်လုပ်နေသည့် ဝန်ထမ်းများ၏ အကြံပြုချက်များနှင့် အသံများကို နားထောင်ကာ ယင်းအပေါ်အခြေခံ၍ စဉ်ဆက်မပြတ်တိုးတက်အောင် လုပ်ဆောင်မှုကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကုမ္ပဏီသည် ဖောက်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မော်တော်ယာဉ်အမျိုးအစားစုံလင်စွာထုတ်လုပ်ပေးနေပြီး ထိုထဲတွင် ဓာတ်ဆီကားများ၊ ဖက်စပ်ကားများနှင့် လျှပ်စစ်ကားများ ပါဝင်သည်။ ကွန်ကန်တာသည် အိုင်ချီစီရင်စုရှိ တိုယိုတာစီးတီးတွင် ကုမ္ပဏီက တည်ဆောက်ရန်စီစဉ်ထားသော စက်ရုပ်နည်းပညာနှင့် AI (ဉာဏ်ရည်တု) အခြေပြုစက်ရုံအကြောင်းကို အထူးပြုပြောကြားခဲ့ပြီး ယင်းစက်ရုံအသစ်မှာ စက်ရုပ်များနှင့် (AI) ကို အသုံးပြုပြီး လူသားဝန်ထမ်းများ၏ ပါဝင်ပံ့ပိုးမှုတန်ဖိုးကို ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဒီဇိုင်းပြုလုပ်ထားသည်။ **အင်န်အိတ်ချ်ကေ**

## ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှု သုံးနှစ်ဆက်ကျဆင်း

**ရောမ ဇူလိုင် ၂၁**

၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှု သုံးနှစ်ဆက် ကျဆင်းခဲ့သော်လည်း ၂၀၃၀ ပြည့်နှစ်မတိုင်မီ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ကို အကောင်အထည်ဖော်ရာတွင် ထိခိုက်လွယ်ဆဲဖြစ်ပြီး ညီမျှမှုမရှိသေးသကဲ့သို့ လုံလောက်မှုလည်း မရှိသေးကြောင်း ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်သော ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် ထုတ်ပြန်သည့် ကမ္ဘာ့အစားအစာ ဖူလုံရေးနှင့် အာဟာရဆိုင်ရာအခြေအနေ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၇ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည့် လူပေါင်း ၆၄၅ သန်းခန့်မှာ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ခဲ့ကြရကြောင်း၊ ယင်းပမာဏမှာ ၂၀၂၄ ခုနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်တွင် ၈ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ လျော့ကျလာခြင်း ဖြစ်ကြောင်း သိရသည်။



ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းမှ ပြန်လည်နာလန်ထူလာမှုမှာ ဒေသတစ်ခုနှင့် တစ်ခုအကြား ညီမျှမှုမရှိကြောင်း အစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည်။ အာရှဒေသသည် လက်တင်အမေရိကနှင့် ကာရစ်ဘီယန် ဒေသတို့နှင့်အတူ စဉ်ဆက်မပြတ် တိုးတက်မှုများရှိသော်လည်း အာဖရိကဒေသသည် ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရသူ အများဆုံးဖြစ်လာပြီး ၂၀၂၅ ခုနှစ်တွင် လူပေါင်း ၃၀၉ သန်း ဝန်းကျင်အထိရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အေသင်မြို့၌ ကမ္ဘာလှည့်ခရီးသွားနှစ်ဦး ဓားဖြင့်တိုက်ခိုက်ခံရ

**အေသင် ဇူလိုင် ၂၁**

ဂရိနိုင်ငံ အေသင်မြို့၌ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အက်ခရိုပိုလစ်ရှေးဟောင်းသုတေသနနေရာအဝင်ဝ၌ ဓားဖြင့်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်ကမ္ဘာလှည့်ခရီးသွားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅ မိနစ်တွင် အဆိုပါ ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးက ဂရိ-အမေရိကန်စုံတွဲကို တိုက်ခိုက်ခဲ့ကြောင်း ဂရိအမျိုးသားရုပ်သံလိုင်း ERT ၏ ဖော်ပြချက်အရ သိရသည်။ ဓားဖြင့်တိုက်ခိုက်သူကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ **ဆင်ဟွာ**

## ဆော်ဒီအာရေဗျနှင့်ကုန်သွယ်သော နိုင်ငံတကာသင်္ဘောများကို တိုက်ခိုက်မည်ဟု ဟူသီ ခြိမ်းခြောက်

**ဆာနား ဇူလိုင် ၂၁**

ယီမင်နိုင်ငံရှိ ဟူသီလက်နက်ကိုင်တပ်ဖွဲ့က ဆော်ဒီအာရေဗျဆိပ်ကမ်းများနှင့် ကုန်သွယ်နေသော နိုင်ငံတကာသင်္ဘောများကို စစ်ရေးအရ တိုက်ခိုက်နိုင်ကြောင်း သတိပေးခဲ့သည်။ ယင်းမှာ ဟူသီတပ်ဖွဲ့က ဆော်ဒီအာရေဗျအပေါ် ရေကြောင်းကုန်သွယ်မှုတားမြစ်မည်ဟု ကြေညာပြီးနောက် ဖြစ်ပေါ်လာသော တင်းမာမှု မြင့်တက်လာမှုတစ်ရပ်ဖြစ်သည်။

ဟူသီအဖွဲ့၏ ဆာနားအခြေစိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းစီမံဌာနက ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် ထုတ်ပြန်ခဲ့သော သတိပေးအီးမေးလ်တွင် ယင်းသတိပေးချက်များသည် ဆော်ဒီအလံတင်သင်္ဘောများသာမက ဆော်ဒီဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချ ပြုလုပ်သော သင်္ဘောများပါအကျုံးဝင်ကြောင်း ဖော်ပြထားသည်။

ကူဝိတ်နှင့် ကာတာအပါအဝင် ဒေသတွင်းအစိုးရများသည် ဟူသီအဖွဲ့၏ လုပ်ဆောင်ချက်ကို ပယ်ချခဲ့ပြီး နိုင်ငံတကာဥပဒေအောက်တွင် ရေကြောင်းသွားလာခွင့် လွတ်လပ်မှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဟားမားစ်အဖွဲ့၏ အဆင့်မြင့်တပ်မှူးတစ်ဦးကို ရှင်းလင်းခဲ့ဟု အစ္စရေးတပ်ဖွဲ့ ပြောကြား

**ဂျေရုဆလင် ဇူလိုင် ၂၁**

အစ္စရေးတပ်ဖွဲ့နှင့် ပြည်တွင်းလုံခြုံရေးအဖွဲ့တို့၏ ဇူလိုင် ၂၁ ရက် ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် ဇူလိုင် ၁၈ ရက်က ဂါဇာမြို့၌ ပြုလုပ်ခဲ့သော တိုက်ခိုက်မှုတစ်ခုအတွင်း ဟားမားစ်အဖွဲ့၏ အဆင့်မြင့် တပ်မှူးတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ပူးတွဲထုတ်ပြန်ချက်တွင် သေဆုံးခဲ့သူ လက်နက်ကိုင်အဖွဲ့ဝင်မှာ အက်ဒမ် အီဘရာဟင် ရှာအာဘန် နော့စ်မင်န်ဟု ဖော်ပြထားပြီး ၎င်းသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် လက်နက်ကိုင်အဖွဲ့ဝင်များ အစ္စရေးနိုင်ငံ တောင်ပိုင်းဒေသအတွင်း ဝင်ရောက် ထိုးဖောက်မှုကို ဦးဆောင်ခဲ့သူဖြစ်ပြီး အစ္စရေးဓားစာခံများကို ဖမ်းဆီးထိန်းသိမ်းထားခဲ့သူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

နော့စ်မင်န်သည် ဟားမားစ်တပ်မဟာအဖွဲ့ဝင်များကို လေ့ကျင့်ပေးရန်ကြိုးပမ်းခဲ့ပြီး လက်နက်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ **ဆင်ဟွာ**

■

# ဉာဏ်ရည်တုနည်းပညာနှင့် အနာဂတ်အလုပ်အကိုင်

မောင်မျိုးခိုင်(ကွန်ပျူတာတက္ကသိုလ်)

**လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က ကမ္ဘာပေါ်တွင် မော်တော်ကားများ စတင်ပေါ်ပေါက်လာချိန်၌ မြင်းလှည်းမောင်းသမားများ၊ မြင်းခွာရိုက်သမားများနှင့် မြင်းဇောင်းပိုင်ရှင်များ အကြီးအကျယ်စိုးရိမ်ထိတ်လန့်ခဲ့ကြဖူးပါသည်။ "ငါတို့တော့ အလုပ်လက်မဲ့ ဖြစ်ကုန်ကြတော့မည်" ဟု တွေးတောကာ ကားများကို လမ်းပေါ်မထွက်နိုင်ရန် ဆန္ဒပြကန့်ကွက်မှုများပင် ပြုလုပ်ခဲ့ကြသည်။ သို့သော် သမိုင်းအလှည့်အပြောင်းကို မည်သူမျှ တားဆီး၍မရခဲ့ပေ။**

> **❑ AI ခေတ်၏ ပညာရေးတွင် မိမိ မသိသည်ကို AI ထံမှ မှန်ကန်စွာ မေးမြန်းထုတ်ယူတတ်သည့် "မေးခွန်းကောင်းမေးတတ်သည့် အရည်အသွေး" (Prompting) နှင့် AI က ပေးသည့် အချက်အလက်များထဲမှ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားတတ်သည့် "ဝေဖန်ပိုင်းခြားနိုင်စွမ်း" (Critical Thinking)တို့ကို အခြေခံပညာအရွယ်ကတည်းက စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန် အထူးပင် လိုအပ်**
>
> **❑ AI ခေတ်တွင် လုပ်ငန်းခွင်၌ ရေရှည်ရပ်တည်နိုင်ရန်အတွက် မိမိတို့၌ရှိပြီးသား ကျွမ်းကျင်မှုများကို ခေတ်နှင့်အညီ မြှင့်တင်ခြင်း(Upskilling)နှင့် နည်းပညာ ကျွမ်းကျင်မှုအသစ်များကို အမြဲမပြတ်လေ့လာဆည်းပူးခြင်း (Reskilling) တို့ကို မဖြစ်မနေလုပ်ဆောင်ကြရမည်**

မော်တော်ကားများကြောင့် မြင်းလှည်းမောင်းသည့် အလုပ်အကိုင်များ ပျောက်ကွယ်သွားခဲ့သည်မှာ မှန်သော်လည်း ယင်း၏နောက်ကွယ်တွင် ကားမောင်းသူ၊ ကားပြင်ဆရာ၊ စက်ရုံဝန်ထမ်း၊ ခတ်ဆီဆိုင်ဝန်ထမ်း၊ လမ်းဖောက်လုပ်ရေး လုပ်သားနှင့် မော်တော်ယာဉ်အာမခံလုပ်ငန်း စသည့် အလုပ်အကိုင်သစ် သန်းပေါင်းများစွာ ကမ္ဘာတစ်ဝန်း တွင် အစားထိုးပေါ်ပေါက်လာခဲ့ပါသည်။

အဆိုပါ သမိုင်းဖြစ်ရပ်သည် အတိတ်ကာလမှာသာ ကျန်ရစ်ခဲ့သည်မဟုတ်ဘဲ ယနေ့ခေတ် ကမ္ဘာ့နည်းပညာ အင်အားကြီးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့ပြန်လည်ကြုံတွေ့နေရပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်မှ စတင်ကာ တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် Baidu က AI နည်းပညာသုံး မောင်းသူမဲ့တက္ကစီ (Robo-taxi) များကို လမ်းပေါ်သို့ အလုံးအရင်းနှင့် ချပြေးဆွဲခဲ့ရာ ကမ္ဘာ့မောင်းသူမဲ့ကားအရေအတွက် အများဆုံး စမ်းသပ်သုံးစွဲလျက်ရှိသည့် မြို့နှင့် ကမ္ဘာ့အကြီးမားဆုံး အလိုအလျောက်မောင်းနှင်မှုစနစ် လည်ပတ်ရာ ဇရိယာအဖြစ် ရပ်တည်လျက်ရှိပြီး ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် လူသားတက္ကစီယာဉ်မောင်းများ၏ ဝင်ငွေနှင့် အလုပ်အကိုင်ကို ထိခိုက်လာခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပေါ်ထွက်ဆန္ဒပြ ကန့်ကွက်မှုများအထိ ဖြစ်ပွားခဲ့ပါသည်။ ဤဖြစ်ရပ်သည် လွန်ခဲ့သော ရာစုနှစ်က အမေရိကန်ပြည်ထောင်စုတွင် မော်တော်ကားများ စတင်ပေါ်ပေါက်ချိန်၊ မြင်းလှည်းသမားများ ကြုံတွေ့ခဲ့ရသည့် စိုးရိမ်ထိတ်လန့်မှုနှင့်ထပ်တူ သမိုင်းဘီးတစ်ပတ်လည်သည့်ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါသည်။

ယနေ့ ၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင်လည်း နည်းပညာပြောင်းလဲမှုကြီးတစ်ခုက ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများထဲသို့ တားဆီး၍ မရနိုင်သော အရှိန်အဟုန်ဖြင့် ပြန်လည်တိုးဝင်လာနေပါသည်။ ထိုနည်းပညာမှာ အခြားမဟုတ်၊ လက်ရှိကမ္ဘာကြီးကို လှုပ်ခတ်နေသည့် "ကွန်ပျူတာဉာဏ်ရည်တုနည်းပညာ" သို့မဟုတ် AI (Artificial Intelligence) ပင် ဖြစ်သည်။

ထို့ကြောင့် 'AI ကြောင့် လူတွေ အလုပ်ပြုတ်ကုန်တော့မလား'၊ 'AI က ငါတို့နေရာမှာ အစားထိုးဝင်ရောက်လာတော့မှာလား' ဆိုသည့် မေးခွန်းများအတွက် ကမ္ဘာ့နည်းပညာရှင်များနှင့် စီးပွားရေးပညာရှင်များ ပေးထားသည့် အဖြေမှာ အလွန်ပင် စိတ်ဝင်စားဖို့ ကောင်းလှပါသည်။ ဟားဗတ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ Karim R. Lakhani က **'AI က သင့်အလုပ်ကို လုယူမှာမဟုတ်ပါဘူး။ ဒါပေမယ့် AI ကို ကျွမ်းကျင်စွာ အသုံးပြုတတ်တဲ့လူကတော့ AI မသုံးတတ်တဲ့ သင့်ရဲ့နေရာကို လုယူသွားပါလိမ့်မယ်'** ဟု ထိမိစွာထောက်ပြခဲ့ဖူးသည်။ ဤစကား၏ အဓိပ္ပာယ်မှာ အလွန်ပင် ရိုးရှင်းလှပါသည်။ AI နည်းပညာကို ကြောက်ရွံ့ထိတ်လန့်ကာ ရှောင်ဖယ်နေရုံဖြင့် အဖြေမထွက်နိုင်ဘဲ ဤပြောင်းလဲမှုကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး မိမိကိုယ်ကို ခေတ်နှင့်အညီ မည်သို့သော ပုံစံမျိုးဖြင့် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ကြမည်နည်း ဆိုသည်ကို မဖြစ်မနေ အဖြေရှာကြရတော့မည် ဖြစ်ပါသည်။

နည်းပညာကျွမ်းကျင်သူများနှင့် စီးပွားရေး သုတေသနအဖွဲ့ကြီးများ၏ ဟောကိန်းများအရ AI စွမ်းဆောင်ရည် မြင့်မားလာမှုကြောင့် ပျောက်ကွယ်ရန် သို့မဟုတ် လုပ်ငန်းခွင်နေရာ ကျဉ်းမြောင်းသွားရန် ရာခိုင်နှုန်းအများဆုံးရှိနေသည့် အလုပ်အကိုင်များမှာ ပုံသေလုပ်ငန်းစဉ်များကို ထပ်ခါတလဲလဲ လုပ်ဆောင်ရသည့် ကဏ္ဍများပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)၏ အစီရင်ခံစာများတွင်လည်း အချက်အလက်ဖြည့်သွင်းခြင်း၊ အခြေခံရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်း တွက်ချက်မှုများ၊ ဘဏ်လုပ်ငန်းခွင်ရှိ အခြေခံအချက်အလက်နှင့် စာရင်းအင်းကိုင်တွယ်မှု အလုပ်များမှာ အလိုအလျောက်စနစ်များကြောင့် အလျင်မြန်ဆုံး လျော့နည်းသွားမည့် အလုပ်အကိုင်များအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။

ထို့ပြင် McKinsey သုတေသနအဖွဲ့၏ လေ့လာချက်များအရ အလိုအလျောက် တုံ့ပြန်ဖြေကြားနိုင်သည့် Chatbot များနှင့် ၎င်းတို့၏ ဘာသာစကား မရွေး နားလည်နိုင်မှုစွမ်းရည် မြင့်မားလာခြင်းကြောင့် ဖောက်သည်ဝန်ဆောင်မှု၊ အခြေခံစာရေးသားမှုနှင့် ဘာသာပြန်လုပ်ငန်းများမှာလည်း လုပ်ငန်းခွင်အတွင်း လူသားများနေရာတွင် အစားထိုးခြင်းကို ခံရနိုင်ခြေ အမြင့်မားဆုံးရှိနေကြောင်း တွေ့ရှိရပါသည်။

တစ်ဖက်တွင်လည်း နည်းပညာဟောင်းများ ပျောက်ကွယ်သွားချိန်၌ ခေတ်စနစ်နှင့် လျော်ညီသော အလုပ်အကိုင်သစ်များ အစားထိုးဝင်ရောက်လာမြဲဖြစ်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ "အနာဂတ်အလုပ်အကိုင်များ" ခန့်မှန်းချက်အရ AI ကြောင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင် ၉၂ သန်းခန့် နေရာရွှေ့ပြောင်း/ပျောက်ကွယ်သွားနိုင်သော်လည်း ယင်း၏နောက်ကွယ်တွင် နည်းပညာသစ်နှင့်ပတ်သက်သော ခေတ်သစ်အလုပ်အကိုင်သစ်ပေါင်း သန်း ၁၇၀ ခန့်အထိ ပြန်လည်မွေးဖွားပေါ်ပေါက်လာမည်ဟု ဆိုပါသည်။

ထိုအခွင့်အလမ်းသစ်များထဲတွင် AI စနစ်များထံမှ အကောင်းဆုံးနှင့် အတိကျဆုံးရလဒ်များ ထွက်ပေါ်လာစေရန် စနစ်တကျအမိန့်ပေးညွှန်ကြားရသည့် "အချက်ပြအင်ဂျင်နီယာ" (AI Prompt Engineer)၊ AI က ထုတ်ပေးသော အချက်အလက်များ မှန်ကန်မှု ရှိမရှိကို ပြန်လည်စိစစ်ရသော "AI အချက်အလက်စိစစ်ရေးမှူး" (AI Data Auditor) နှင့် AI ကို အသုံးပြုရာတွင် လူမှုကျင့်ဝတ်များကို မထိခိုက်စေရန် စောင့်ကြည့်ထိန်းညှိပေးရသည့် "AI ကျင့်ဝတ်ဆိုင်ရာအကြံပေး" (AI Ethicist) ကဲ့သို့သော နည်းပညာအဆင့်မြင့် အလုပ်အကိုင်သစ်များ ပါဝင်ပါသည်။ သို့သော် စိတ်ပညာရှင်၊ သူနာပြုစုမှု၊ ဦးဆောင်မှုနှင့် တီထွင်ဖန်တီးမှုကဲ့သို့သော လူသားတို့၏ နွေးထွေးမှု၊ စာနာမှုနှင့် စိတ်ခံစားမှုနှင့် စွမ်းရည်ကို ဗဟိုပြုရသည့်လုပ်ငန်းများတွင် လူသားတို့၏ အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုအရေးပါ၍ တန်ဖိုးတက်လာမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နည်းပညာတိုးတက်လာသည့်အခါ ရှေးရိုးစွဲအတိုင်း အပြောင်းအလဲကို လက်မခံဘဲနေခဲ့သူများသည် ခေတ်နောက်ကျကျန်ခဲ့ပြီး နည်းပညာသစ်ကို လျင်လျင်မြန်မြန် လေ့လာဆည်းပူးသူများကသာ ရှေ့သို့ ရောက်ရှိသွားတတ်သည်မှာ သဘာဝပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ သတိထားရမည့်အချက်မှာ AI ဆိုသည်မှာ လူသားတို့၏နေရာတွင် လုံးဝအစားထိုးရန် ပေါ်လာခြင်း မဟုတ်ပါ။ လူသားတို့၏ လုပ်ဆောင်နိုင်စွမ်းကို ပိုမိုမြင့်မားလာစေရန် ကူညီပေးမည့် "လက်ထောက်ကောင်း" သို့မဟုတ် "အစွမ်းထက်သည့် ကိရိယာ" သာ ဖြစ်ပါသည်။

ထို့ကြောင့် အနာဂတ်အတွက် ကျွန်ုပ်တို့ပြင်ဆင်ရမည့် ပထမဆုံးခြေလှမ်းမှာ AI အပေါ် ထားရှိသည့် "အကြောက်တရား" ကို ဖယ်ရှားပြီး မိမိတို့၏ သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးတွင် AI ကို အသုံးချကာ အရည်အသွေးကို မည်သို့မြှင့်တင်မည်နည်း ဆိုသည့် "အသိအမြင်" ပြောင်းလဲရန်ပင် ဖြစ်ပါသည်။

AI ခေတ်တွင် မိမိကိုယ်ကို ပြင်ဆင်ရာ၌ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များနှင့် ကျောင်းသားများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးလှပါသည်။ ယခင်က သင်္ချာတွက်ရန် ဂဏန်းပေါင်းစက် (Calculator)များ စတင်ပေါ်ပေါက်လာစဉ်က အကြီးအကျယ် စိုးရိမ်ခဲ့ကြဖူးသည်။ ကလေးများ ဂဏန်းပေါင်းစက် သုံးစွဲပါက ဦးနှောက်မသုံးတော့ဘဲ သင်္ချာတွက်စွမ်းရည် ကျဆင်းကုန်လိမ့်မည်ဟု ထင်မှတ်ကာ ပိတ်ပင်မှုများ ပြုလုပ်ခဲ့ကြသည်။ သို့သော် ယနေ့ခေတ်တွင်မူ ဂဏန်းပေါင်းစက်သည် သင်္ချာကို ပိုမိုမြန်ဆန်စွာ တွက်ချက်နိုင်ပြီး ပိုမိုမြင့်မားသော သိပ္ပံနှင့် အင်ဂျင်နီယာပညာရပ်များကို လေ့လာနိုင်ရန် အခြေခံကူညီပေးသည့် မရှိမဖြစ် ကိရိယာတစ်ခု ဖြစ်လာခဲ့ပါသည်။

ယခု ပေါ်ပေါက်လာသည့် AI ဆိုသည်မှာလည်း ကျောင်းသားလူငယ်များအတွက် ထိုကဲ့သို့သော "ခေတ်သစ် ဂဏန်းပေါင်းစက်" တစ်ခုပင် ဖြစ်ပါသည်။ စိုးရိမ်စရာရှိသည်မှာ အချို့သော ကျောင်းသားများသည် AI ကို စာမေးပွဲတွင် မသမာမှုပြုလုပ်ရန် သို့မဟုတ် အိမ်စာများကို ကိုယ်တိုင်မတွေးဘဲ AI ကို အလွယ်တကူလုပ်ခိုင်းရန်အတွက် လမ်းမှားတွင် အသုံးပြုနေကြခြင်းဖြစ်သည်။ ဤသို့ အသုံးပြုခြင်းသည် မိမိတို့၏ ပင်ကိုတွေးခေါ်မြော်မြင်မှုစွမ်းရည်ကို ဖျက်ဆီးပစ်ခြင်းသာ ဖြစ်ပါသည်။

လက်တွေ့တွင်မူ AI ကို "မိမိအနားတွင် အမြဲရှိနေပြီး စိတ်ရှည်လက်ရှည် အခမဲ့သင်ကြားပေးသော ကိုယ်ပိုင်ဆရာတစ်ဦး" ကဲ့သို့ အသုံးချတတ်ရန် လိုအပ်ပါသည်။ မိမိနားမလည်သည့် သင်ခန်းစာများကို စိတ်ကြိုက်မေးမြန်းခြင်း၊ ဘာသာစကားအရည်အသွေး တိုးတက်အောင် နေ့စဉ်စကားပြောလေ့ကျင့်ခြင်းနှင့် ဗဟုသုတများကို ရှာဖွေခြင်း စသည်ဖြင့် လမ်းမှန်တွင် အကျိုးရှိရှိအသုံးချရမည် ဖြစ်ပါသည်။

ထို့ကြောင့် AI ခေတ်၏ ပညာရေးတွင် မိမိ မသိသည်ကို AI ထံမှ မှန်ကန်စွာ မေးမြန်းထုတ်ယူတတ်သည့် "မေးခွန်းကောင်း မေးတတ်သည့် အရည်အသွေး" (Prompting) နှင့် AI က ပေးသည့် အချက်အလက်များထဲမှ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားတတ်သည့် "ဝေဖန်ပိုင်းခြားနိုင်စွမ်း" (Critical Thinking)တို့ကို အခြေခံပညာအရွယ်ကတည်းက စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန် အထူးပင် လိုအပ်လှပါသည်။

ကျောင်းသားလူငယ်များသာမက လက်ရှိ လုပ်ငန်းခွင်အသီးသီးရှိ ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များအတွက်လည်း AI ခေတ်သည် ကြီးမားသော စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို တစ်ပြိုင်နက်တည်း ယူဆောင်လာခဲ့ခြင်းဖြစ်ပါသည်။ အချို့က AI ကြောင့် မိမိတို့၏ အလုပ်အကိုင်နေရာ ပျောက်ကွယ်သွားလိမ့်မည်ဟု စိုးရိမ်ကြသော်လည်း လက်တွေ့တွင်မူ ပြောင်းလဲသွားမည့်အရာမှာ "အလုပ်အကိုင် ပျောက်ကွယ်သွားခြင်း" မဟုတ်ဘဲ "အလုပ်လုပ်ရမည့် ပုံစံပြောင်းလဲသွားခြင်း"သာ ဖြစ်ပါသည်။

ထို့ကြောင့် AI ခေတ်တွင် လုပ်ငန်းခွင်၌ ရေရှည်ရပ်တည်နိုင်ရန်အတွက် မိမိတို့၌ရှိပြီးသား ကျွမ်းကျင်မှုများကို ခေတ်နှင့်အညီ မြှင့်တင်ခြင်း (Upskilling) နှင့် နည်းပညာကျွမ်းကျင်မှုအသစ်များကို အမြဲမပြတ်လေ့လာဆည်းပူးခြင်း (Reskilling) တို့ကို မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ AI နည်းပညာက မလုပ်ဆောင်နိုင်သည့် လူသားတို့၏ ပင်ကိုအရည်အသွေးများဖြစ်သော စာနာနားလည်ပေးနိုင်စွမ်း (Empathy)၊ ပေါင်းစပ်ညှိနှိုင်းမှုစွမ်းရည် (Negotiation)နှင့်အဖွဲ့အစည်းကို ဦးဆောင်နိုင်စွမ်း (Leadership) စသည့်စွမ်းရည်များကို ပိုမိုမြှင့်တင်ရင်း၊ တစ်ဖက်ကလည်း မိမိတို့၏ လုပ်ငန်းခွင်အတွင်း AI နည်းပညာကို လျင်မြန်စွာ ပေါင်းစပ်အသုံးချနိုင်စွမ်းရှိအောင် ကြိုတင်ပြင်ဆင်ကြရတော့မည် ဖြစ်ပါသည်။

ကမ္ဘာကြီးသည် ကျွန်ုပ်တို့ နေထိုင်နေစဉ်အတွင်းမှာပင် လျင်မြန်စွာ ပြောင်းလဲလျက်ရှိပါသည်။ ကျွန်ုပ်တို့ ကြောက်ရွံ့ငြင်းပယ်နေ၍လည်း ဤ AI ဆိုသည့် ဉာဏ်ရည်တုနည်းပညာ ခေတ်ရေစီးကြောင်းကြီးက နောက်ပြန်လှည့်သွားလိမ့်မည်မဟုတ်ပေ။ အနာဂတ်ဆိုသည်မှာ အပြောင်းအလဲကို ကြောက်ရွံ့တတ်သူများအတွက် မဟုတ်ဘဲ အပြောင်းအလဲအပေါ် မဆုတ်မနစ်သောစိတ်ဖြင့် အမြဲတစေ သင်ယူလိုစိတ်ရှိသူများ (Lifelong Learners) အတွက်သာ ဖြစ်ပါတော့သည်။ ။

**ကိုးကား**


- AI won't replace humans — But humans with AI will replace humans without AI, Karim R. Lakhani, Harvard Business Review, August 4, 2023
- Generative AI and the future of work in America, McKinsey Global Institute, July 2023
- Taxi drivers in Wuhan protest against robo-taxi expansion amid job fears and congestion, Lee Yoon-jung, Chosun Biz, April 3, 2025
- The Future of Jobs Report 2023, World Economic Forum (WEF), May 2023

## သံဖြူဇရပ်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၂၁**

သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သံဖြူဇရပ်မြို့နယ် ဥပဒေရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မော်လမြိုင်ခရိုင် ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၄၁ ဦး တက်ရောက်ကြပြီး ဥပဒေအရာရှိများက ဥပဒေရေးရာဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## ထားဝယ်မြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းဆွေးနွေး

**ထားဝယ် ဇူလိုင် ၂၁**

ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ဆန်းချီရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးထွန်းနှင့် ဒေါ်ချိုချိုစန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လဝကဦးစီးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတို့က ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပေးနေမှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်ထုတ်ပေးမှု၊ စာကြည့်တိုက်များအကြောင်း၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်ပညာတွဲဖက်သင်ကြားပေးမည့် အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## စလင်းမြို့ရှိ မူလတန်းကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**စလင်း ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အခြေခံပညာမူလတန်း(စာစီကျောင်း)ရှိ ကျောင်းသား ကျောင်းသူကလေးငယ်များအား အာဟာရဖြည့်အစားအစာကျွေးမွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်နှင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းအဖွဲ့တို့က မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာအောင်သူရနှင့် ဝန်ထမ်းများက လှူဒါန်းသည့် အာဟာရဖြည့်အစားအစာ ကြက်ဥ အလုံး ၂၃၀၊ နွားနို့ဘူး ၂၃၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**



## ဘိုကလေးမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ဘိုကလေး ဇူလိုင် ၂၁**

ဘိုကလေးမြို့နယ် Rice Export Zone ဆောင်ရွက်သည့် Jewellery Luck Trading ကုမ္ပဏီမှ Export Zone ၅၁၂ ဧကတွင် ပါဝင်ဆောင်ရွက်သည့် မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းက မေမေ့သားဆန်စက်၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညီညီထွန်းက Export Zone ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



## မင်္ဂလာဒုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု ခန်းမဆောင်၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ ဌာနအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက လမ်း၊ တံတား၊ ရေ၊ မီး၊ ကျေးလက်ဒေသ သန့်ရှင်းသာယာလှပရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် အခက်အခဲများကို ပြောကြားကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## အထူးကုဆရာဝန်ကြီးများ အခမဲ့ ကွင်းဆင်းကုသ

**ပုသိမ်ကြီး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းကစတင်၍ မန္တလေးပြည်သူ့ဆေးရုံကြီးမှ အထွေထွေအထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးမှုများ အခမဲ့ပြုလုပ်ပေးရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝေလင်းဗိုလ်နှင့် ကျန်းမာရေးဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသစစ်ဆေးပေးခြင်းကို ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမောင်မောင်သန့်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသန်းလွင်နှင့် အထူးကုဆရာဝန်ကြီးများက ပြင်ပလူနာ ၂၇၇ ဦးအား အခမဲ့စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကျောက်ပန်းတောင်း၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၁**

ကျောက်ပန်းတောင်း မြို့နယ်ဥပဒေရုံးမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဖွင့်ပွဲကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိဦးတိုးအောင်ဝေက သင်တန်း၌ အုပ်ချုပ်မှုစွမ်းရည်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အုပ်ချုပ်ရေးမှူးများက ပြည်သူများအား ပြန်လည်မျှဝေပေးနိုင်သည်အထိ သင်ကြားပေးလျက်ရှိသည်။ သင်တန်းကို မြို့ပေါ် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၆၅ ဦး တက်ရောက်ကြပြီး ငါးရက်တာသင်ကြားမည်ဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**



## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel) မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂၄-၇-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/ စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **“ မိုးလောက်ကြီးချစ်တယ်”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

### (၂၄-၇-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “မိုးလောက်ကြီးချစ်တယ်” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးလောက်ကြီးချစ်တယ် | ပြင်ပအဆိုရှင် |
| ၂။ | ရင်ခုန်ချိန် | ပြင်ပအဆိုရှင် |
| ၃။ | Ob La Di Ob La Da | ပြင်ပအဆိုရှင် |
| ၄။ | ဒီစကားလေးတော့နားထောင်ပါ | ပြင်ပအဆိုရှင် |
| ၅။ | ကိုယ်ဖျော်ဖြေတဲ့ပွဲ | ပြင်ပအဆိုရှင် |
| ၆။ | ဟော့ အချစ် | ပြင်ပအဆိုရှင် |
| ၇။ | အပြာလား အဝါလား | ပြင်ပအဆိုရှင် |
| ၈။ | မေတ္တာရေလှိုင်း | ပြင်ပအဆိုရှင် |
| ၉။ | ဒါလေးများ | ပြင်ပအဆိုရှင် |
| ၁၀။ | တောင်းဆု | ပြင်ပအဆိုရှင် |

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF တို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့စိတ်ဓာတ်"**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ဦးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး ဇူလိုင် ၂၁

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆယ်လံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပရာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ရန်ပုံငွေများကို ထုတ်ချေးပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆယ်လံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၀ စုစုပေါင်း အသင်းသား အသင်းသူ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## Rice Export Zone ဖြင့် စာချုပ်ချုပ်ဆိုပွဲနှင့် သွင်းအားစုပေးအပ်



**ဝါးခယ်မ ဇူလိုင် ၂၁**

ဝါးခယ်မမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျာခန်းမ၌ မိုးစပါး စိုက်ပျိုးရာသီ ပေါ်ဆန်းစပါးစိုက် တောင်သူများအား ရွှေခယ်ဝတီကုမ္ပဏီမှ Rice Export Zone ဖြင့် စာချုပ်ချုပ်ဆိုပွဲနှင့် သွင်းအားစုပေးအပ်ပွဲ ကျင်းပရာ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ရွှေခယ်ဝတီကုမ္ပဏီတို့က Rice Export Zone ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ စာချုပ်ချုပ်ဆိုခြင်းနှင့် သွင်းအားစုများကို ပေးအပ်ခဲ့သည်။

**ရီရီလွင်(ပြန်/ဆက်)**

## တိုက်ကြီးမွေးမြူရေးဇုန်၌ နို့စားနွားမွေးမြူရေးသင်တန်းဖွင့်

**တိုက်ကြီး ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ နို့စားနွားမွေးမြူရေးသင်တန်းကို ယမန်နေ့က တိုက်ကြီး မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ဖွင့်လှစ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိမ့်သဥ္ဇာရွှေက နွားမွေးမြူရေးသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပျဉ်းမပင် မွေးမြူရေးခြံများနယ်မြေမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦးက နို့စားနွားမျိုးများ ရွေးချယ်ခြင်း၊ အစာကျွေးမွေးစောင့်ရှောက်နည်းနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့ရာ မွေးမြူရေးဇုန်မှ တာဝန်ရှိသူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**ဝတ်ရည်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ကျိုက်လတ် ဇူလိုင် ၂၁**

ကျိုက်လတ်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၉၃ ဦးအား ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေအပါအဝင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေစသည့် ဆက်စပ်ဥပဒေဆိုင်ရာများကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်မင်းအောင် (ပြန်/ဆက်)**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



## မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးအကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ ဇူလိုင် ၂၁**

မိတ္ထီလာမြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယမန်နေ့က ခရိုင်လျှပ်စစ် မန်နေဂျာရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်ကေသီခိုင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ အာမခံအလုပ်သမား ဦးထွန်းနိုင်၏အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် နာရေးစရိတ် အကျိုးခံစားခွင့်ငွေကျပ် ၂၁၉၄၈၀၀ နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၄၂၄၈၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်သင်းသင်းမြတ်ထံ ပေးအပ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ဝန်းသိုမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဇူလိုင် ၂၁ ရက်က စော်ဘွားကြီးရပ်ကွက်ရှိ ဥယျာဉ်တော်ရပ်နှင့် နန္ဒာဝန်ရပ်၌ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)



ခနေဖြူမြို့နယ်၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ ပူးပေါင်း၍ ဇူလိုင် ၂၁ ရက်က မြို့နယ်အတွင်းရှိ စားအုန်းဆီအရောင်းဆိုင်များကို စားအုန်းဆီဖြန့်ဖြူးရောင်းချရာတွင် စနစ်တကျ မှန်ကန်မှုရှိစေရေး ကွင်းဆင်းစစ်ဆေးစဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ညောင်တုန်းမြို့နယ်အတွင်းရှိ စားအုန်းဆီအရောင်းဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချစေရေး စစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆီအသင်းနှင့် လက်ကားကိုယ်စားလှယ်တို့ ပူးပေါင်း၍ ဇူလိုင် ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန

၁။ ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)မှ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ (၈)မျိုး

(ခ) ရုံးသုံးစက်ပစ္စည်းများ (၅)မျိုး

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | (၂၃-၇-၂၀၂၆) ရက် (ကြာသပတေးနေ့) |
| | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | (၂၁-၈-၂၀၂၆)ရက် (သောကြာနေ့) ညနေ(၁၆:၀၀)နာရီ |
| | တင်ဒါတင်သွင်းရမည့်နေရာ | ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄-ဂ)၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄-ဂ)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်းအမှတ်- ၀၆၇-၃၄၀၈၇၈၂၊ ၀၆၇-၃၄၀၈၈၀၅ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မှော်ဘီခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃

ဦးစန်းမောင် နှင့် ၁။ဦးဇော်မင်းအောင် ၂။ဒေါ်တင်စိန် ၃။မဖြိုးဖြိုးဇော်မင်း

( တရားလို ) ( တရားပြိုင်များ )

၁။ဦးဇော်မင်းအောင်၊ ၂။ဒေါ်တင်စိန်၊ ၃။မဖြိုးဖြိုးဇော်မင်း အမှတ် ၃၀၂၊ ဗိုလ်ဗထူးလမ်း၊ ရခိုင်ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ် လိပ်စာမသိရှိသူများ) သိစေရမည် ။

သင့်အပေါ်၌ တရားလိုက အဆိုလွှာပါအတိုင်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၆ခုနှစ်၊ ဩဂုတ်လ၊ ၃ ရက်။ (၁၃၈၈ခုနှစ်၊ ဝါဆိုလဆုတ် ၊ ၅ ရက် ) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့် )
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့်ယှဉ်တွဲပါတင်ဒါအမှတ်များအတိုင်းလိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း |
|---|---|---|
| ၁ | 10(T)/YESC/တိုင်းဒေသကြီး/26-27 | ဓာတ်အားလိုင်းများအား ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းအတွက်လိုအပ်သော ပစ္စည်း(၄၃)မျိုးအားဝယ်ယူရန် |
| ၂ | 11(T)/YESC/တိုင်းဒေသကြီး/26-27 | 10 kVA True Online UPS Complete Set with 30mins Autonomy Time (12)Set နှင့် 20 kVA True Online UPS Complete Set (2)Set အား ဝယ်ယူရန် |

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၁.၇.၂၀၂၆) နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၄.၈.၂၀၂၆) နေ့ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အ.ထ.က (၈)၊ Grade-11 တန်းမှ မကေသီငွေ၏ ဖခင်အမည်မှန်မှာ ဦးကြီးဖြူ ၁၁/တကန (နိုင်) ၀၄၉၄၃၈ ဖြစ်ပါကြောင်း။

**ဦးကြီးဖြူ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်း Grade-7 တန်းမှ မမေမဒီနွယ်၏ ဖခင်အမည်မှန်မှာ ဦးခိုင်မျိုးဝင်း ၁၀/မလမ(နိုင်) ၂၉၆၂၃၀ ဖြစ်ပါကြောင်း။

**ဦးခိုင်မျိုးဝင်း**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ ရန်ကင်းရပ်နေ ဦးသန်းအောင်၏သား ဦးစိုးဝင်းထွန်း ၅/မရန (နိုင်) ၁၃၈၁၁၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်နံပါတ် -79613မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၅) အထက Grade-9 မှ မောင်စွမ်းထက်အောင်၏ ဖခင် ဦးဝင်းမင်းထွေး၏ အမည်မှန်မှာ ဦးဝင်းမင်းလတ် ၅/မရန(နိုင်) ၂၂၈၇၀၈ ဖြစ်ပါကြောင်း။

**ဦးဝင်းမင်းလတ်**
**၅/မရန(နိုင်)၂၂၈၇၀၈**

## အမည်မှန်

ဦးစိုးနိုင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ SEC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မရွှေဇင်မြတ်၏ အမည်မှန်မှာ မရွှေစင်မြတ် ဖြစ်ပါကြောင်း။

**မရွှေစင်မြတ်**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မရိုးတောကျေးရွာနေ ဦးငြိမ်းထက်ကျော် ၅/မရန(နိုင်) ၃၄၆၉၄၉၊ ဒေါ်ခင်သီတာထွန်း တို့၏သား မောင်ဖွဲ့ထက်အား မောင်ဉာဏ်လင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဉာဏ်လင်းထွန်း**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ ကွင်းအမှတ်/အမည် (၉/ခဲလယ်မြောက်)၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ(၀ဒသမ၁၁၀) ကေရှိ ဂရန်မြေကွက်အား ဒေါ်ခင်မမ(ခ) ဒေါ်ညိုညို (၉/မနမ(နိုင်)၀၆၆၉၇၉)၊ ဒေါ်ခင်မမလေး(ခ) ဒေါ်နီနီယဉ်(ခ) မနီနီ (၁၂/မဂဒ(နိုင်)၀၁၀၁၀၅) နှင့် ဦးကိုကိုကြီး (ခ) ဦးကိုကို (၉/မမန(နိုင်)၀၅၄၇၅၀) အမည်ဖြင့် သက်တမ်းတိုးလျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၂/၁)၊ ဦးပိုင်အမှတ် (၄+၂၉)၊ ၃၆လမ်း၊ ၅၆x ၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာချမ်း ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၇၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးချမ်းအောင် ၉/မရမ(နိုင်)၀၀၉၈၇၂၊ ဒေါ်ခင်သန်း ၉/မရမ(နိုင်)၀၀၉၈၇၃ တို့ကအမှုတွဲအမှတ် (၁၁၇၀/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၇၅)၊ မြေယာအမှတ်(75)၊ ဧရိယာ(၀.၂၂၀)ကေရှိဂရန် အမှုတွဲအမှတ်(၁၃၉/၂၀၀၃-၂၀၀၄)အရ ဦးခင်မောင်လတ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးခင်မောင်လတ်(၉/မနမ (နိုင်)၀၆၁၁၄၇)မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ စီမံပိုင်ခွင့်အာဏာရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်စိုးထွန်း (၉/အမဇ(နိုင်)၀၀၃၁၇၀)မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၆)၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၈၉၁၄၂၄၁၉**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၇/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၆၆)၊ မြေယာအမှတ်(၁၆၆)၊ မြို့မြေငှားဂရန်အမှုတွဲအမှတ် (၈၁၀/၁၉၉၃-၁၉၉၄)အရ ဦးကျော်စိုးမိုး(ခ)ဦးကျော်ထွန်းအောင် အမည်ပေါက် မြေဧရိယာ (၀.၁၁၀)ကေရှိ မြေကွက်နှင့်ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များအရ ဦးရန်ဟေ့ရင်း (LSO-၁၁၀၄၆၆) ထံမှ (၂၁-၁-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူဂရန်မြေအရောင်းအဝယ်ပဋိညာဉ်စာချုပ်"ချုပ်ဆို၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာလွင် (၉/မမန(နိုင်)၀၀၀၃၉၆)မှ ငွေအပြီးပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေ၊အိမ်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေဒေါ်သီတာလွင်မှသာလျှင် ယနေ့တိုင်အကျိုးခံစားခွင့်၊ စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချခွင့်စသည့် အခွင့်အရပ်များရရှိထားပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၂၂)**
**အမှတ်(၄၉/စ)၊ ဟော်ကုန်းရပ်ကွက်ကြီး(၃)၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၆၅၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 12W/81614 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၇)၊ ဦးပိုင်အမှတ်(၄၅)၊ ၄၀ x ၄၁ကြား၊ ၅၅x ၅၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ငွေ ၅/မရန(နိုင်) ၀၆၅၀၄၃က အမှုတွဲအမှတ် (၁၂၀၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် MON/1933 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် **ယခင်**ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၁၃၆)နေ (ယခုနေရပ်လိပ်စာမသိ)ဦးစိုးဝင်း (၁၃/လခန(နိုင်)၀၁၇၀၅၄) (သို့မဟုတ်) ၎င်းအား ဆက်ခံသူများ သိရှိနိုင်ပါရန်

၁။ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်လှလှအေး ၁၃/မကန(နိုင်)၀၂၅၆၅၁၏ ကိုယ်စားလှယ်စာရရှိသူ ဦးဆန်းမင်းသိန်း ၁၂/မဘန(နိုင်) ၀၈၄၂၈၃၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားစာ (နို့တစ်စာ) ပေးပို့ပါသည်-

(၁) ဒေါ်လှလှအေးသည် ဦးစိုးဝင်းထံမှ တာချီလိတ်မြို့၊ တော်ကော့ပြင်ရပ်ကွက်၊ ဦးပိုင်အမှတ် ၂၃/၂၅၈၊ အမှတ်(၁၉)ဟု ခေါ်တွင်သော အလျား ပေ(၁၆၀)x အနံ(၁၁၉/၁၀၀)ပေရှိ မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်များကို(၂၇-၉-၂၀၁၀)ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုလျက် တန်ဖိုးငွေကျပ် သိန်း(၂၀၀)ဖြင့် ဝယ်ယူခဲ့ပါသည်။

(၂) အထက်အပိုဒ်(၁)ပါ မြေကို တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၆-၁၁-၂၀၁၅)ရက်စွဲပါ စာအမှတ် ၄/၃၂-၇/ ဦး-၁ ဖြင့် မြို့မြေအဖြစ် သတ်မှတ်ပြီး ဒေါ်လှလှအေးအား ရန်အောင်မြေရပ်ကွက်အမည်ဖြင့် လူနေအိမ်ဆောက်လုပ်ရန်၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(၃) အထက်ပါ အပိုဒ်(၁)ပါ မြေအား ဝယ်ယူသူ ဒေါ်လှလှအေးသည် တရားဝင်ပိုင်ဆိုင်မှုရရှိရန်အတွက် မှတ်ပုံတင်အရောင်းစာချုပ် (Registered Sale Deed)ကို ချုပ်ဆိုလိုပါသည်။

၂။ သို့ဖြစ်ပါ၍ ဦးစိုးဝင်းအနေဖြင့်ဖြစ်စေ၊ ၎င်းအား ဆက်ခံသူများမှဖြစ်စေ၊ မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ရှေ့နေထံသို့ဖြစ်စေ၊ ဒေါ်လှလှအေး၏ အောက်ပါကိုယ်စားလှယ်ထံသို့ဖြစ်စေ ဤအကြောင်းကြားစာ သတင်းစာတွင် ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်သွားရန်နှင့် ပျက်ကွက်ပါက မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုရန် ငြင်းပယ်သည်ဟု မှတ်ယူပြီး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဆန်းမင်းသိန်း(ဘ)ဦးလှဝင်း** | **ဦးကျော်လင်းအောင် (LL.B)** |
| **၁၂/မဘန(နိုင်)၀၈၄၂၈၃** | **အထက်တန်းရှေ့နေ** |
| **အောင်မင်္ဂလာကျေးရွာ၊** | **(စဉ်-၄၇၁၇၆/၃၁-၃-၂၀၁၆)** |
| **အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊** | **အမှတ်(၇)၊ နောင်ခိုက်-နောင်ပေါင်းလမ်း၊** |
| **မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** | **ကျိုင်းစံရပ်၊ရပ်ကွက်(၃)၊ ကျိုင်းတုံမြို့။** |
| **ဖုန်း-၀၉- ၇၇၄၄ ၀၀၅၈၉** | **ဖုန်း- ၀၉- ၄၂၈၃၃၈၉၀၄** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၉၀)၊ မြေကွက်အမှတ်(၁၅၇၃)၊ ပါမစ်မြေ အမျိုးအစားမြေကွက်အား အမည်ပေါက်ဖြစ်သူမှာ ဦးဝင်း(၁၂/ဒပန(နိုင်)၀၂၃၄၁၇)ဖြစ်ပြီး အကျယ်အဝန်း အလျား (၄၀') x အနံ(၆၀')ရှိသော ရတနာသိဒ်လမ်းရှိ မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် ထားသူဖြစ်သည့် ဦးမျိုးစန်း (၉/တသန (နိုင်) ၁၄၂၆၅၃) မှ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ဝင်းစိန် (၉/မခန(နိုင်)၀၂၄၆၀၀)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးချိန်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်နှင်းအေး(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၈၇/၁၇)**
**အမှတ် - ၁၀၄၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၁၆၄၆၂, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၇/မလန(နိုင်) ၁၀၇၄၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၆၁၄၆, Sazuki Smash Revo, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၇/ကပက (နိုင်)၀၀၃၁၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၇၀၇)၊ မြေကွက်အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ ဦးကြည်စိုး CG-012191 အမည်ဖြင့်ချထားသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်နွဲ့(၅/ဒပယ(နိုင်)၀၆၄၀၆၉)က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေဦး(၁/မညန(နိုင်)၀၅၇၉၉၉)မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင် (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁) LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-09-5083805,09-799618472**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့ အဆင့်-၆)၊ ဦးပိုင် (၃၇၄)၊ ဧရိယာ (၀.၀၉၆)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၆၄၇-၅/၁၉၉၇-၁၉၉၈(စီ)၊ ဦးခင်လှိုင် ၉/တကန(နိုင်)၀၀၃၆၉၂ အမည်ပေါက်မြေကွက်အား ဦးခင်လှိုင်၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးမင်းလွင် ၅/ကနန(နိုင်)၀၄၁၅၄၄ မှ မူလမြေဧရိယာ (၀.၀၉၆) ဧရိယာအနက် ဧရိယာ(၀.၀၄၈)ဧကအား စာချုပ်အမှတ် (၅၇၁/၂၀၂၃)ဖြင့် ဒေါ်ရောက်ချီး ၁၃/လရန(နိုင်)၂၅၄၅၅၆ သို့ ရောင်းချပြီးဖြစ်သဖြင့် ဒေါ်ရောက်ချီးမှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ရောက်ချီး၏ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (၆/မန်ဆူရွာမ အနောက်)၊ ဦးပိုင်(၂၅၅)၊ ဧရိယာ (၀.၁၁၀)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ်၊ ၈၆၄-၅/၂၀၀၀-၂၀၀၁(အေ)၊ ဦးကျန်ရင်ချန် ၁၃/ကလတ(နိုင်) ၀၁၇၂၀၄ အမည်ပေါက် မြေကွက်အား ဦးကျန်ရင်ချန်၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်မေးဆီး ၁၃/လရန(နိုင်) ၁၈၃၁၈၀ မှ မြေဧရိယာ (၀.၁၁၀) ဧကအနက် ဧရိယာ(၀.၀၈၂)ဧကအား စာချုပ်အမှတ် (၁၅၈၊/၂၀၂၆)ဖြင့် ဒေါ်သီတာဦး ၁၃/လရန(နိုင်)၂၃၁၈၆၀သို့ ရောင်းချပြီး ဖြစ်သဖြင့် ဒေါ်သီတာဦးမှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်သီတာဦး၏ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (၄၇/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ်(၁၂/ခ)၊ ဧရိယာ (၀.၂၀၀)ဧက၊ အမှုတွဲအမှတ်၊ ၆၈၈-၅/၂၀၁၇-၂၀၁၈(အေ)၊ ဒေါ်လီချင်ဖန်း ၁၃/မကန(နိုင်)၀၁၅၅၂၁ အမည်ပေါက် မြေကွက်အား ဒေါ်လီချင်ဖန်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဝင်းလှိုင် ၁၃/မကန(နိုင်) ၀၆၂၈၉၅မှ စာချုပ်အမှတ် (၄၃၊/၂၀၂၆) ဖြင့် ဦးအိုက်လူ ၁၃/မကန(နိုင်) ၀၁၈၅၂၄သို့ ရောင်းချပြီးဖြစ်သဖြင့် ဦးအိုက်လူအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးအိုက်လူအမည်ဖြင့် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ယာယီချိတ်ပိတ်ဆိုင်ခန်းများအား ကော်မတီပိုင်ဆိုင်ခန်းများအဖြစ် ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်းကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကွပ်ကဲမှုအောက် အောင်ဇမ္ဗူဈေးတွင် ဆိုင်ခန်းရှင်(၁)ဦးသည် အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ခန်းများဖွင့်လှစ်မှုမရှိဘဲ ဆိုင်ခန်းငှားရမ်းခ(ဆိုင်ခန်းခွန်)များ ပေးသွင်းရန် ပျက်ကွက်မှု ဖြစ်ပေါ်နေသဖြင့် ယာယီပိတ်သိမ်းထားသော အောက်ဖော်ပြပါ ဆိုင်ခန်း(၂)ခန်းအား နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီပိုင် ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာစည်းကမ်းချက်များအပိုဒ်- ၁၄၊ ၁၅ အရ ကော်မတီပိုင်အဖြစ် ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါသည်-

| စဉ် | အမည် | ဆိုင်ခန်းအမှတ် |
|---|---|---|
| (က) | ဦးကျော်စွာလင်းသိန်း | F-26,27 |

၂။ အထက်ပါ ဆိုင်ခန်းများနှင့်ပတ်သက်၍ ဆိုင်ခန်းရှင်များအနေဖြင့် ယာယီပိတ်သိမ်းထားသော ဆိုင်ခန်းများပြန်လည်ရယူဖွင့်လှစ်လိုပါက ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်းဖြစ်သည့် (၂၀-၈-၂၀၂၆)ရက်အထိ ဈေးများဌာနသို့ နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားရန်ဖြစ်ပြီး ထိုသို့လျှောက်ထားသည့် ဆိုင်ခန်းနှင့်ပတ်သက်သော အခွန်အခကြွေးကျန်နှင့် ဒဏ်ကြေးငွေများကို အကြေပေးသွင်း လျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အထိ လာရောက်ဆက်သွယ် လျှောက်ထားခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးသွင်းထားသော ဆိုင်ခန်းတန်ဖိုးငွေများကို ကော်မတီပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းယူ၍ ဆိုင်ခန်းများကို ကော်မတီပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သင့်အပေါ်၌ ဦးရဲမြင့်စိုး က ငွေသိန်း(၅၀၀)ကျပ်နှင့် နစ်နာကြေးငွေ သိန်း (၅၀၀) ကျပ်၊ စုစုပေါင်းငွေ သိန်း(၁၀၀၀)ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ ဩဂုတ်လ ၇ ရက် (၁၃၈၈ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေရည်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဥတ္တရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ကွင်းအမှတ်(၂၃၊ အောင်နန်းရိပ်သာရပ်)၊ ဦးပိုင်အမှတ် (၅၈)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်အား မူလက ဒေါ်လောက်ခွမ်း အမည်ဖြင့် (၆–၃–၂၀၅၄) ရက်ထိမြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၇–၅–၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၄၂/၂၀၂၆) အရ ဒေါ်လောက်ခွမ်းထံမှ ဒေါ်လောမေ(ခ)ရန်ချိဟွေ၊ ဦးဖုန်ဖိန်း တို့(၂)ဦးအမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်လောမေ(ခ)ရန်ချိဟွေ ၁/မကန (ပြု)၀၀၀၁၄၁ နှင့် ဦးဖုန်ဖိန်း ၁/မကန(နိုင်) ၁၀၁၇၈၃ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၇၉၈)၊ စပ်စံထွန်းလမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း) (၂၀ပေx၆၀ပေ)ဒေါ်မြင့်မြင့်အေး (အက်စ်အိုကေအေ–၀၇၅၅၀၇) ၁၂/ဥကတ(နိုင်)၁၆၃၉၆၉ ပါမစ် အမည်ပေါက် မြေကွက်ကိုအဆင့်ဆင့်စာချုပ်ဖြင့်ဒေါ်ထက်ဗိုလ်ဦး ၁၂/မဂဒ(နိုင်)၁၂၅၃၂၀ ထံမှ ဦးစန်းလွင်ဦး ၁၃/လရန(နိုင်)၁၉၀၁၄၂ သည် စရန်ငွေတစ်စိတ်တစ် ဒေသဖြင့် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစန်းလွင်ဦး**
**၁၄/၁၆(B)၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းလမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၈၆၂၆၂၂၆၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ–၇)၊ ဦးပိုင်အမှတ်(၈)၊ ၆၀(စီ)x၆၁ကြား၊ ၁၂၄x၁၂၅လမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သူ ဦးသက်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်လွင် ၁/မညန(နိုင်)၀၈၅၈၈၀ က တော ဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၂၀၅/၂၀၂၆–၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့ ၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက် ၊ အကွက်အမှတ် (ဒဒ–၁၁) ၊ ဦးပိုင်အမှတ် (၅၈) ၊ ၆၁x၆၂ ကြား ၊ ၁၂၉ x ၁၃၀ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဖူးရွှေ ၉/မနမ(နိုင်) ၀၂၁၆၈၀ က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၁၅၇/၂၀၂၆–၂၀၂၇) ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၉

ဒေါ်မိုးဦး နှင့် ဦးနိုင်ဝင်း

တရားလို တရားပြိုင်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၇) နေ ဦးနိုင်ဝင်း (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်မိုးဦးက အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ခိုင်ဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရပ်၊ မြတ်လေးလမ်းသွယ်၊ အိမ်အမှတ်(၈)ရှိW2 Nature Co.,Ltd ၏ ဒါရိုက်တာများ ဖြစ်ကြသော (၁) ဒေါ်ဝင်းလဲ့လဲ့ကျော် (၁/မညန(နိုင်)၁၈၉၃၈၆)၊ (၂)ဦးဖြိုးဝေဦး (၁/မညန(နိုင်)၁၉၁၈၃၅)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

W2 Nature Co.,Ltd အား ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ (၂၀၂၆)ခုနှစ်၊ မေလ (၂၆)ရက်တွင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီအဖြစ် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၄၆၄၁၆၅၉၄) ဖြင့် ဖွဲ့စည်းမှတ်ပုံတင်ခွင့်ရခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းမှတ်ပုံတင်ခွင့် ရရှိပြီးနောက် W2 Nature Co., Ltd မှL2+ ALUM Soap, LAE's LOVE Breast Enchance Soapနှင့် MORINGA Face Mask တို့ကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ W2 Nature Co.,Ltd သည် စတင်ဖွဲ့စည်း တည်ထောင်စဉ်မှစ၍ ယနေ့အချိန်ထိ အထက်ပါ ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ကောင်းသော ဂုဏ်သတင်းဖြင့်သာ လုပ်ကိုင်ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် W2 Nature Co.,Ltd မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အထက်ပါကုန်ပစ္စည်းများ နှင့်ပတ်သက်၍ ကုမ္ပဏီ၏ အမည်ကို သော်လည်းကောင်း၊ ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် L2+ ALUM Soap, LAE's LOVE Breast Enchance Soap & MORINGA Face Mask တို့အမည်ကိုသော်လည်းကောင်း၊ လူအများ ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းကျဆင်းစေရန်သော်လည်းကောင်း၊ မဟုတ်မမှန်လုပ်ကြံဖန်တီး ပြောဆိုတိုက်ခိုက်ခြင်း၊ စွပ်စွဲခြင်း၊ Social Media များဖြစ်ကြသော Facebook, TikTok, Youtube channel များမှတစ်ဆင့် မဟုတ်မမှန် လုပ်ကြံဖန်တီးဖော်ပြခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်သူ မည်သူကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| (၁)ဒေါ်ဝင်းလဲ့လဲ့ကျော် | ဒေါ်မိုးမြင့်မြင့်မော်(LL.B), (D.B.L) (D.I.L) |
| ၁/မညန(နိုင်)၁၈၉၃၈၆ | တရားလွှတ်တော်ရှေ့နေ |
| (၂)ဦးဖြိုးဝေဦး | (စဉ်-၁၈၂၇၁)(၁၆-၁၀-၂၀၂၃) |
| ၁/မညန(နိုင်)၁၉၁၈၃၅ | အမှတ် ၃၂၊ အကွက် ၂၉၊ (ဆ)ရပ်ကွက်၊ |
| | ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၄၅၉၁၂၉၁၃၃ |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ ဦးစိုးအောင်လင်း (၉/မခန(နိုင်)၀၅၈၇၄၄)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်လင်း (၉/မခန(နိုင်)၀၅၈၇၄၄)၏ သားဖြစ်သူ မောင်ကောင်းထက်ဟိန်း (၉/သပက(နိုင်)၀၆၂၁၇၃)သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားခဲ့ပြီး ဖခင်ဖြစ်သူအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်နေပါသဖြင့် ၎င်းအား အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေးအပါအဝင် မည်သည့်ပြဿနာအရှုပ်အရှင်းကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်အေးသက်ခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၄၅/၂၇-၄-၂၀၁၈)
အမှတ်(၇)၊ နယ်မြေ(၁)၊ ရှမ်းချော်ခင်းလမ်း၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့

## အများကြားသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၈၀)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးထင်အောင်ခိုင် ၈/ပခက(နိုင်)၀၀၀၆၇၈ က ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အင်းဒိုင်အမှတ် (၁) ရပ်ကွက်နေ ဦးရဲမင်းအောင် ၉/မထလ(နိုင်)၀၀၆၄၉၅ အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၉ ရက်၌ နိုတြီမှတ်ပုံတင်အမှတ် (3225 / 9225) ဖြင့် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများကြားသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းဟန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်/၆၈၃၂)၉၉
တိုက်(၄၄၈)၊ အခန်း(၆၀၃)၊ ကမ်းနားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၀၁၀၀၄၃၊ ၀၉-၄၂၀၇၀၇၆၈၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၅၁)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၆၅၁)၊ စစ်ကိုင်း(၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အေးကြည်(၁၂/မရက(နိုင်)၁၀၂၈၄၁)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးကြည် မြေကွက်အား မြဝတီဘဏ်လီမိတက်(၎င်းကိုယ်စား မန်နေဂျာ ဒေါ်ခိုင်ခိုင်စိုး)မှ တရားလိုပြုလုပ်၍ ဒေါ်အေးကြည်၊ ဒေါ်ကြည်ကြည်မြင့်တို့အား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၁၅၉/၂၀၂၀ လေလံတင်ရောင်းချ၍ ပေးဆပ်စေရန် အပြီးသတ်အနိုင်ဒီကရီ၊ တရားရှုံးဖြစ်သူ ဒေါ်အေးကြည် (မိခင်)မှာ တရားမဇာရီမှုမဖွင့်မီက ကွယ်လွန်ခဲ့သဖြင့် ဒေါ်အေးကြည်၏ တရားဝင်အမွေ ဆက်ခံခွင့်ရှိသူ သမီးများဖြစ်ကြသော တရားရှုံး ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်အေးအေးမြင့် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်စန္ဒီချို)တို့အား သင်္ဃန်းကျွန်းခရိုင်တရားရုံးတော် တရားမဇာရီမှုအမှတ်-၅၇၆/၂၀၂၂ အမိန့်၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာ(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁/နည်းဥပဒေ-၉၄)၊ ရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးစာချုပ်အမှတ် -၁၆/၂၀၂၅(၁၈-၁၁-၂၀၂၅)ဖြင့် လေလံဆွဲဝယ်ယူခဲ့သော ဦးအောင်ထွန်း၏ သားဖြစ်သူ ဦးကျော်ဇေသန့် (၁၂/လမတ(နိုင်)၀၁၃၄၇၆၄)မှ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခ၊ ဝင်ငွေခွန် အထောက်အထားတို့တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက် မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ်(၁၅၈)၊ မြေပေအကျယ် (၄၂x၆၀)ရှိ ဦးစောဩဂုတ်စတင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ မခွဲမစိတ်ရသေးသော (ခေါင်းရင်းခြမ်း) ရှိ မြေပေအကျယ်(၂၁x၆၀)အား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စန္ဒီဇော် (၇/ကပက(နိုင်)၁၀၀၈၇၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၂၁+၂၂၄)၊ မြေဧရိယာ(၀.၀၉၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုတွဲနံပါတ် (၁၀၅၁/၂၀၁၆-၂၀၁၇)အရ ဒေါ်မြင့်မြင့်သန်းအမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဒေါ်မြင့်မြင့်သန်းအမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေဧရိယာ (၀.၀၉၂) ဧက အကျယ်အဝန်းရှိ မြေအနက်မှ ဦးပိုင်အမှတ် (၂၂၁)၊ မြေဧရိယာ (၀.၀၄၆) ဧကအကျယ်အဝန်းရှိမြေကွက်အား လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ဒေါ်သီတာမြိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်ချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇) ရက် အတွင်းခိုင်မာသောသက်သေခံစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံတွင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်များအတွင်း ကန့်ကွက်လိုသူမရှိပါက ကျွန်ုပ်၏မိတ်ဆွေသည် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်တင်မြမြ (ဘ) ဦးကိုကြီး | ဒေါ်ခင်ခင်နိုင်(LL.B)စဉ်-၁၂၉၈၇ |
| ၉/မမန (နိုင်) ၀၀၀၄၄၈ | တရားလွှတ်တော်ရှေ့နေ |
| အောင်ဇေယျလမ်း၊ အမှတ် | ကားကြီးကွင်းတိုက်တန်း၊ အမှတ်(A10-ခ၊ဂ) |
| (၃၃၆)၊ ရပ်ကွက်ကြီး(၃)၊ | ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့။ |
| ပြင်ဦးလွင်မြို့။ | ဖုန်း-၀၉-၇၉၉၁၀၁၃၁၆၊ ၀၉-၆၈၄၀၀၆၁၆၁ |

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/3119 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၄)လမ်း/ခ၊ မြေကွက် အမှတ်(၅၂၀/ခ)၊ မြေပေအကျယ်အဝန်း (၂၀x၆၀)ရှိ ဦးသန်းဖေ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသူ ဒေါ်မြင့်မြင့်အေး (၁၂/ဥကတ(နိုင်)၀၅၇၂၈၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 21W/32964 Honda-125 ယာဉ်အမည်ပေါက်သူ ဒေါ်ဟားမြာ ၂/လကန(နိုင်)၀၄၃၀၅၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ကယားပြည်နယ်ရုံး(လွိုင်ကော်)

## အများသိစေရန်ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ နောင်ခရိုရပ်ကွက်၊ ကွင်းအမှတ်(၈၀၂)၊ ကော့ကလုပ်ကွင်း၊ ဦးပိုင်အမှတ် (၈၁က)၊ မြေဧရိယာ(၀.၉၆)ဧကရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အမည်ပေါက် ဦးပါးပါး ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) သည် နေအိမ်ပြောင်းရွှေ့ရာတွင် ပျက်စီး/ပျောက်ဆုံး သွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် ဦးပါးပါးမှ လျှောက်ထားလာခဲ့မှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ကန့်ကွက်စာတင်ပြနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်ဦးစီးမှူး
မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(ချယ်ရီမြိုင်တိုးချဲ့စီမံကိန်း)၊ ဦးပိုင်အမှတ်(F-၂၇)၊ ဧရိယာ (၀.၀၅၅)ဧက မြေငှားဂရန်အမှုတွဲအမှတ် ၈၁၆-၅/၂၀၁၈-၂၀၁၉(အေ)၊ ဦးရှိန်ဌေး ၁၃/လရန(နိုင်)၁၂၃၂၂၆ - နန်းစောယဉ် ၁၃/သပန(နိုင်) ၀၆၆၅၈၂ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးသုမောင်ကျော် ၉/အမရ(နိုင်) ၁၁၈၈၀၀ - ဒေါ်ချယ်ရီအောင် ၁၃/မရတ(နိုင်) ၀၁၄၃၄၉ ထံသို့ စာချုပ်အမှတ် (၂၀၈၊/ ၂၀၂၆)ဖြင့် ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဦးသုမောင်ကျော်-ဒေါ်ချယ်ရီအောင်အမည်ဖြင့် အမည်ပြောင်းလဲပေးနိုင်ပါရန် လျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက ဦးသုမောင်ကျော်-ဒေါ်ချယ်ရီအောင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀.၁၁၀) ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၄၆-၅/၂၀၀၈-၂၀၀၉(စီ)၊ ဒေါ်စန်းမြိုင် ၁၃/လရန(နိုင်)၀၀၉၄၁၅ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်သူဇာဝင်း ၈/ခမန(နိုင်)၁၇၄၈၃၉ ထံသို့ စာချုပ်အမှတ် (၁၇၀၊/ ၂၀၂၆) ဖြင့် ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်သူဇာဝင်းအမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူ မရှိပါက ဒေါ်သူဇာဝင်း အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ B.NCဝင်းနေ (ဘ)ဦးခင်မောင်အေး၏ သမီး မခင်မျိုးမျိုးထွန်း ၁၂/မဂတ(နိုင်) ၁၀၆၅၈၆ ၏ ပတ်စ်ပို့စာအုပ်အမှတ် (MI-308096)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၀၈၄၅၆၁

## အမည်မှန်

(ဘ)ဦးကြိုးလျှန်နှင့် (မိ)ဒေါ်ခင်လှနွယ်တို့၏သား အမက မူလွန်မင်္ဂလာကျောင်း၊ Grade-6 မှ မောင်ဒေးဗစ်ကရာနီလျှန့်၏ အမည်မှန်မှာ မောင်ဒေးဗစ်ကရာနီလျှံ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/29638 Honda RSX 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထိုက်ဦး ၁၄/ပသန(နိုင်) ၀၀၅၄၆၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/20287 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဟိတ် ၁၄/ငပတ(နိုင်)၀၀၃၃၈၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်ကောင်စီ၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၁၄၇၁၊ ကွင်း/အကွက်အမည်-သဲတောကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်-၄က၊ မြေမျိုး-ယာ၊ တပ်ကုန်းမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ခွင့်ပြုသည့်ရက်စွဲ[(၂၃-၇-၂၀၁၃(၁၃/၂၀၁၃)] ခွင့်ပြုသည့် စာအမှတ်-၀၂၁/လယ-၈(၂၀၁၃)ဖြင့် ဦးအောင်ကျော်မြင့် [၉/မတရ(နိုင်)၁၁၃၂၀၉] (ဘ)ဦးလှမြင့်၏ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်/လယ်ယာမြေပုံစံ(၇) ထွက်ရှိထားသော ဧရိယာ(၀.၃၇) ဧကကျယ်ဝန်းသည့်ယာမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် ဒေါ်အိအိဖြိုး (ဘ) ဦးပြေအေး ၅/မခန(နိုင်)၀၆၅၀၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ သည်။ သို့ပါ၍ ယင်းယာမြေအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇) ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထက်ဝေမြင့် B.A(Eng), PGDL
အထက်တန်းရှေ့နေ(စဉ်-၅၈၅၇)
ရုံး-အမှတ်(၂၁၈)၊ The Century Condo Tower(D)၊ အခန်း(၂၃၀၆)
အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၅၅၇၅၆၈၈၄

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအိုက်လာကျော်၏ သားကျွန်တော် ဦးနာမ်ခမ်း (၁၃/မလန(နိုင်)၀၀၀၆၂၁) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-761406)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၈၉၆၄၃၀

## ဖခင်အမည်မှန်

မုံရွာမြို့၊ မိုးဦးပန်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မောင်သာထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဝင်း ၅/အရတ(နိုင်)၀၉၂၆၀၂ ဖြစ်ပါကြောင်း။

ဦးသန်းဇော်ဝင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် သက်ပိုင်ထွေး ၁၃/တကန(နိုင်)၃၄၉၄၉၈၏ မိခင်အမည်မှာ ဒေါ်ခင်နွယ်မြင့်နှင့် ဒေါ်နွဲ့နွဲ့မြင့်ဟူ၍ အမည်(၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 6U/6689 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/14689 TVS NEOXR 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာတင့် ၅/ဝလန(နိုင်)၀၉၈၅၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၄၂၅၊ ၂၄၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်(၄၂၅)၊ တောင်ငူလမ်း၊ ၁၇/ရွှေပေါက်ကံ၊ ဦးသိန်းလွင် ၈/ပဖန(နိုင်)၀၄၁၉၇၃ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသိန်းလွင်(ခင်ပွန်း)သည် ၁၀.၁၁.၂၀၂၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်လွင်မော်ဦး ၈/ပဖန(နိုင်)၀၄၂၄၅၈မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၄၇၁/၂၀၂၆ (၁၉-၅-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၉)၊ မြေကွက်အမှတ် (၁၁၈၅/ခ)၊ ဧရိယာ ပေ(၂၀ x ၆၀)၊ မြေကွက်တည်နေရာ အမှတ် ( ၁၁၈၅/ခ )၊ ရတနာပုံ(၁) လမ်း၊ ( ၉ ) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမော်မော် ( W/MDY ၃၁၅၀၁၉ )၊ ဒေါ်သန်းသန်းဝင်း ( TKA – ၀၅၃၀၆၆ ) အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမော်မော် (ခင်ပွန်း)၊ ကွယ်လွန်သဖြင့် ကျန်အမည် ပေါက်တစ်ဦးဖြစ်သူ/ဇနီးလည်းဖြစ်သူ ဒေါ်သန်းသန်းဝင်း ၁၂/သကတ (နိုင်)၀၂၅၇၁၉ မှ မိမိကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးမော်မော် (ခင်ပွန်း) ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အထက(၄) Grade–12 မှ ကောင်းခန့်ဇော်နှင့် Grade–6 မှ အေးမြတ်မွန်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော် ၁၁/စတန(နိုင်) ၀၀၁၃၄၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ အထက(ခွဲ)၊ ဥယျာဉ်တော်ကျောင်း Grade–11 မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမင်းအောင်၇/အတန(နိုင်)၁၃၃၄၂၈ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သမာဓိ ကိုယ်ပိုင်အထက်တန်းကျောင်း Grade–6 မှ မမေသက်လျှာ၊ Grade–7 မှ မနှင်းမိုးဝေ၊ Grade–11 မှ မောင်မင်းရာမာန် တို့၏ ဖခင် အမည်မှန်မှာ ဦးမင်းခင်မောင်ဝင်း ၃/မဝတ(နိုင်)၀၄၅၀၉၆ ဖြစ်ပါကြောင်း။

**ဦးမင်းခင်မောင်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ သီရိဇေယျာ(၂၀)လမ်း၊ မြေကွက်အမှတ် ( ၈၃၅/က )အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးထွန်းညွှန့် အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်တင်ဝင်း (၁၂/ဥကတ(နိုင်)၁၀၇၈၀၆)၊ ဒေါ်အုန်းအုန်းဝင်း(၁၂/ဥကတ(နိုင်)၁၀၇၈၂၄)၊ ဦးကျော်ဝင်း(၁၂/ဥကတ(နိုင်)၁၁၀၄၆၃)၊ ဒေါ်ခင်အေးသန်း(၁၂/ဥကတ(နိုင်) ၁၀၈၂၄၈)၊ ဦးခင်မောင်ဝင်း(၁၂/ဗဟန(နိုင်) ၀၂၃၉၃၉) ၊ ဦးဝင်းအောင်( ၁၂/ဥကမ(နိုင်) ၀၅၀၅၁၀)၊ ဦးသန်းထူးကျော်(၁၂/ဥကတ(နိုင်) ၁၆၁၇၂၀) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)**

**ဒေါ်ပြည့်ပြည့်ဖြိုး**
**LL.B, D.B.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)**

ဖုန်း:– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ ၊ ဟဲဟိုး–၅၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၇/နန်းကုန်း(၃))၊ ဦးပိုင်အမှတ် (၁၈၄)၊ မြေကွက်အမှတ် (246)၊ ဧရိယာ (၀ ဒသမ ၁၅၆) ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၁–၁၀–၂၀၁၅ ရက်စွဲပါ အမှုတွဲအမှတ် (၈၃၁/ ၂၀၁၅) အရ ဦးဝင်းတင် အမည်ဖြင့် (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထား ရှိပြီးဖြစ်ပါသည်။ ဦးဝင်းတင်သည် ၂–၄–၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်တင်စိန်မှ ယင်းမြေကွက်အား အမွေဆက်ခံကြောင်း ကြေညာစာချုပ်အား ၁၈–၉–၂၀၂၅ ရက်တွင် ချုပ်ဆိုခဲ့ပါသည်။ ထို့နောက် အဆိုပါ မြေကွက်အား ဒေါ်တင်စိန်ထံမှ ဦးသီဟန်သော် (ခ) သီဟန်သည် ကလောမြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၏ ၆–၁၁–၂၀၂၅ ရက်စွဲပါ စာချုပ်အမှတ် (၁၈၄/၂၀၂၅) အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးသီဟန်သော်(ခ) သီဟန် ၈/ပခက(နိုင်)၁၆၁၀၅၆ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကလောမြို့**

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၆၃၅၂၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ အမှတ်(၉၇၈) ဟု ခေါ်တွင်သော အလျား ပေ(၄၀)၊ အနံ ပေ(၆၀) ရှိ ဦးရဲတင့် အမည်ပေါက်၊ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်လင်း ၇/ကပက(နိုင်)၀၅၈၈၇၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်နိုင်အောင်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေး ကတိစာချုပ် ချုပ်ဆို၍ ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နိုင်နိုင်အောင် ၁၄/ဇလန(နိုင်)၁၀၄၃၀၂ ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကလျာဝင်း(စဉ်–၃၄၂၁၁)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၇၇/ပ–ထပ်)၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၈၂၇၈၂၇၂၈**

## မွေးသက္ကရာဇ်အမှန်

အင်တော်မြို့နယ်၊ အုံးကွဲကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာနေ (ဘ)ဦးညွှန့်ရွှေ၏ သမီး မကေသဇင်ပိုး ၁၃/အထန(နိုင်)၀၀၆၀၁၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇–၂–၂၀၀၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/72863 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းထိုက် ၂/လကန(နိုင်) ၁၀၇၄၁၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြ(၂)လမ်းနှင့် လှိုင်သီတာလမ်းထောင့်၊ အမှတ်(၂၉၇)ဟု ခေါ်တွင်သော (၄၅ပေx၆၄ပေ)အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃၉ပေx၅၅ပေ)အကျယ်အဝန်းရှိ Hall Type (၂)ခန်းတွဲ၊ (၆)ထပ် RC တိုက်၏ (၅)ထပ်ရှိ ခြေရင်းခန်း (၁၉ပေခွဲx၅၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် တကွ ကိုယ်ပိုင်မီတာ၊ မော်တာ၊ ရေစက်အပါအဝင်နှင့်အကျိုးခံစားခွင့်အားလုံးတို့ကို မိမိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မျိုးမျိုးဝင်း ၁၂/မရက(နိုင်)၁၂၈၆၃၉ (မျိုးရတနာ ဆောက်လုပ်ရေး) ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ အဝက်အား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၃၅)**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉ ၉၆၄၉၃၃၅၀၇၊ ၀၉–၆၆၅၆၅၆၉၉၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆–ရပ်ကွက် ၊ အောင်ဇေယျအိမ်ရာ၊ ရန်ကြီးအောင်(၂)လမ်း၊ တိုက်အမှတ်(၃၇)၊ အခန်း(၀၀၃)၊ မြေညီထပ်တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (၂၉–၃–၂၀၂၆) ရက်က "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ် " ဖြင့် ဒေါ်ခင်သက်စု ၈/မဘန(နိုင်)၀၆၀၇၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟစိုး ၁၂/တမန(နိုင်)၁၀၀၃၁၆ မှ အိမ်ရာစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရှေ့တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် တိုက်ခန်းဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ တိုက်ခန်း၏ ပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟစိုး ဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေ မသိရှိဘဲ သဘောတူညီမှုမရှိဘဲ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါ တိုက်ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ မပြုလုပ်နိုင်ကြောင်းနှင့် ထိုသို့ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်မြတ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၀၇)**
**ရုံးခန်းလိပ်စာ–အမှတ်(၁၁၂)၊ ပထမထပ်၊ မြင်တော်သာလမ်း၊**
**၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၂၅၂၄၀၄၄၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်–၆၂၆/က၊ ကွင်းအမည်–ညောင်ပင်ဆိပ်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်–၁/၇၊ မြေမျိုး–ဥယျာဉ်၊ ကျောက်တန်းမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ခွင့်ပြုသည့်ရက်စွဲ–(၁၅–၇–၂၀၁၄)၊ ခွင့်ပြုသည့်စာအမှတ်–၃၂၇/လယ–၄(လယ်စီ–၂၀၁၄)ဖြင့် ဦးကျော်ဆွေ ၁၂/ကတန(နိုင်)၀၁၄၁၃၆ (ဘ) ဦးအေးဖေ၏ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်/လယ်ယာမြေပုံစံ(၇)ထွက်ရှိထားသော ဧရိယာ (၀.၉၄)ဧက ကျယ်ဝန်းသည့် ဥယျာဉ်မြေ၏ အကျိုးခံစားခွင့် အရပ်ရပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်–၆၂၆–က၊ ကွင်းအမည်–ညောင်ပင် ဆိပ်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်–၁/၈၊ မြေမျိုး–G၊ ကျောက်တန်းမြို့နယ်၊ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံမှ ခွင့်ပြုသည့်ရက်စွဲ–(၁၀–၁၀–၂၀၁၃)၊ ခွင့်ပြုသည့်စာအမှတ်–၄၁၁/လယ–၄(လယ်စီ–၂၀၁၃)ဖြင့် ဒေါ်သိင်္ဂီလွင် ၁၂/ဥကတ(နိုင်)၁၁၈၈၇၃ (ဘ) ဦးသိန်းလွင်၏ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်/လယ်ယာမြေပုံစံ(၇) ထွက်ရှိထားသော ဧရိယာ(၁.၀၄)ဧက ကျယ်ဝန်းသည့်(G)မြေ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် ဦးမြတ်မင်းဟိန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/တမန(နိုင်) ၁၀၂၅၂၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ယင်းဥယျာဉ်မြေများအရောင်း အဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထက်ဝေမြင့် B.A (Eng), PGDL**
**အထက်တန်းရှေ့နေ (စဉ်–၅၅၈၅၇)**
**ရုံး – အမှတ်(၂၁၈)၊ The Century Condo Tower(D)၊ အခန်း(၂၃၀၆)၊**
**အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၅၅၇၅၆၈၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/8400 NDY 125 ZH (125cc) 3WMC(Truck Body) (3x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/မရတ(နိုင်)၁၂၈၅၅၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/83045 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြ ၉/မရတ(နိုင်)၀၇၀၅၉၂ က မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အထက ကျောက်တလုံးမှ အထက်တန်းပြ ဆရာမ ဒေါ်သူသူကျော့ခိုင်ဝင်း(ခ) ဒေါ်သူသူကြော့ခိုင်ဝင်း ၈/ပမန(နိုင်) ၀၈၃၄၇၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေ၊ အလက–စဥ့်ဟယ်(၂)၊ Grade–2 မှ မောင်ရွှေသုတအောင် အား ယနေ့မှစ၍ မောင်စွမ်းပြည့်ဖြိုး ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ)၊ နမ့်ဆီး Grade–8 မှ ခွန်ဟန်ဇော်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ထွေး ၁၃/လလန(နိုင်) ၀၅၄၇၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁) Grade–5(A) မှ စိုင်းကော်ခမ်း ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသူရဟာန် ၁၃/ကဟန(နိုင်)၀၁၃၇၇၅ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၆)၊ မဟာစည်လမ်း၊ အိမ်အမှတ်(၀မ/၂၅၅) နေ (ဘ)ဦးစိန်ဖူး ၏ သမီး ဒေါ်ခင်တင့်(၁၃/တကန(နိုင်) ၀၅၆၈၀၄)သည် ဒေါ်သန်းသန်းဝင်း (၁၄/ဟသတ(နိုင်)၀၅၇၃၇၀) ထံမှ (၁၀–၇–၂၀၀၃)ရက် တွင် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မဟာစည်လမ်း၊ အိမ်အမှတ်(၀မ/၂၅၅)၊ အလျား(၂၀ ပေ ၁၀ လက်မ)xအနံ(၆၃)ပေ ရှိနေအိမ်အား ငွေကျပ်သိန်း(၂၀)တိတိဖြင့် နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စာချုပ် (အရပ်စာချုပ်)ချုပ်ဆို ဝယ်ယူခဲ့ပါသည်။ အဆိုပါအရောင်းအဝယ်စာချုပ်မူရင်းမှာ နေအိမ်တွင်ပျောက်ဆုံးသွားခဲ့ပါသည် အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ လွှဲပြောင်းထားခြင်းများမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်တင့် ဖုန်း–၀၉–၂၅၄၃၅၀၁၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/1154 Honda C90 Custom cm7 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူဦး ၉/မဟမ(နိုင်) ၀၀၅၉၆၁ က မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/39477 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဝင်း ၉/အမဇ(နိုင်)၀၂၂၆၀ က မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ (၄)ရပ်ကွက်၊ သီရိမင်္ဂလာ(၂)လမ်းရှိ ခြံအမှတ် (ကခ–၈)ဟု ခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀xပေ၆၀) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာမြင့် ၁၂/မဂဒ(နိုင်)၁၃၃၃၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်လေးမွန် ၁၂/တမန(နိုင်)၁၀၇၉၄၄ က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေမြတ်လေးမွန်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဆောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၂၆၁/၈–၁၀–၂၀၀၄)**
**တိုက်အမှတ်(၅၅၀)၊ အခန်းအမှတ်(၂၀၁) ရွှေဝါလမ်း၊**
**မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၂၅၀၇၆၆၂၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၃၆၆/ခ) မြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အမှတ်(၁၁/က)ဟုခေါ်တွင်သည့် (၆)ထပ်တိုက်ရှိ ဧရိယာ(၁၈ပေx၄၉ပေ)အကျယ်အဝန်းရှိ (၆)လွှာ(ပဋ္ဌမထပ်) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှိုင်ဇာဟန် ၈/ပခက (နိုင်)၂၁၉၉၁၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးနေဇာအောင်၁၂/တမန(နိုင်)၀၉၆၃၈၅က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီထားပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ် ပြုလုပ်မည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမင်းသိန်းအောင်(LL.B)၊**
**အထက်တန်းရှေ့နေ(စဉ် – ၃၇၇၈၁၊ ၂၀၁၁)**
**အမှတ် – ၃၃၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၇၁၃၄၄၈၁**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ဟိုင်းကြီးကျွန်း၌ မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

ဟိုင်းကြီးကျွန်း ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ အုပ်ချုပ်ရေးမှူးဖလား မိုးရာသီ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)ရပ်ကွက် ကျေးရွာဘောလုံးကွင်း၌ ကျင်းပရာ ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းစံက ပါဝင်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းလုံးညီညွတ်စွာယှဉ်ပြိုင်ကစားကြရန်ပြောကြားပြီး ပြိုင်ပွဲအခမ်းအနားအား စတင်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများက စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

လှိုင်မျိုးအောင်(ပြန်/ဆက်)

**ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ**

နေပြည်တော် ဇူလိုင် ၂၁ – ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ *စာမျက်နှာ ၁၅ ကော်လံ ၁* ❍

## U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၂ အသင်း ပဏာမကစားသမားစာရင်းထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၁

**U–12 Junior Soccer World Challenge 2026 ပြိုင်ပွဲကို လာမည့်သြဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ–၁၂ အသင်း ပဏာမကစားသမားစာရင်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။**



ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည့် U–12 Junior Soccer World Challenge 2026 ပြိုင်ပွဲကို မြန်မာဘောလုံးကစားသမားလူငယ်များ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရန် ၂၀၂၃ ခုနှစ်မှစတင်ကာ နှစ်စဉ်သွားရောက် ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်ပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ–၁၂ ကစားသမားရွေးချယ်ပွဲများကို ရန်ကုန်အမျိုးသား ဘောလုံးအကယ်ဒမီနှင့် *စာမျက်နှာ ၁၅ ကော်လံ ၁* ❖

## မြင်းခြံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး အသိပညာပေးဆောင်ရွက်

မြင်းခြံ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က အမက(၁၃) ကျောင်း၌ပြုလုပ်ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါက်တာ ဇင်မာသန်းထွန်းက အာဟာရအုပ်စု ငါးစုပါဝင်အောင် စားသုံးရေးနှင့် ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာမ ဒေါ်ယဉ်မွန်က သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးအကြောင်းအရာများကိုဟောပြောပြီး ကျောင်းသား ကျောင်းသူများအား စနစ်မှန်သွားတိုက်နည်း၊ စနစ်မှန်လက်ဆေးနည်းများကို လက်တွေ့ပြသကာ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးနွေ(မြင်းခြံ)



## ဩဂုတ်လအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

### အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ●



## ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့် (၁) နေရာ စပိန် ပြန်လည်တက်လှမ်းလာ

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားဆွတ်ခူးရရှိပြီးနောက် ၁၉၉၅ ဒသမ ၈၈ မှတ်ဖြင့် အာဂျင်တီးနားအသင်းကို ကျော်ဖြတ်ကာ ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။ စပိန်အသင်းသည် စုစုပေါင်း ရှစ်ပွဲကစားခဲ့ပြီး ရှုံးပွဲမရှိဘဲ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားသည်။

မကြာသေးမီက ထုတ်ပြန်လိုက်သည့် ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက် ဗိုလ်လုပွဲတွင် နိုင်ပွဲရရှိခဲ့သည့် စပိန်က အာဂျင်တီးနား၏ အဆင့်(၁)နေရာကို လွှဲပြောင်းရယူခဲ့ပြီး *စာမျက်နှာ ၁၅ ကော်လံ ၁* ❑

## တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

တွန်းဇံ ဇူလိုင် ၂၁

ချင်းပြည်နယ် တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံ လျှပ်စစ်မီးရရှိရန် ရပ်မိရပ်ဖများနှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ တာဝန်ရှိသူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆိုလာစနစ် (3.5 kW) ကို တပ်ဆင်အသုံးပြုခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက ဆိုလာစနစ် စနစ်တကျတပ်ဆင်အသုံးပြုမှု၊ ပြည်သူများ အေးချမ်းစွာ ဆေးရုံတက်ရောက်ကုသမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးကာ ဆေးကုသမှုခံယူနေသော ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ယနေ့ ❯ သတင်းအညွှန်း**

**စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို**

ပြည်တွင်းသတင်း ➤ စာ ➤ ၁၃

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့် ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ**

ပြည်တွင်းသတင်း ➤ စာ ➤ ၁၅